# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး
(၂၁)ရက်မြောက်နေ့**မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၆ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၂၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၈.၈၄)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၂၀)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၁။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား လွှတ်တော်

ပဥ္စမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ ၂၆-၆-၂၀၁၇ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနား တက်ရောက်ရန်။ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်။ ဦးတင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဒေါ်မမလေး၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးစိုင်းပန်ဖ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးယောနာ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်ကျော်ဇံ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်။ ဒေါ်နော်မြစေး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဒေါက်တာဇော်လင်းထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဒေါ်နန်းမိုးမိုးထွေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါ်ရှီလာနန်တောင်(ခ)အမ်နန်တောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ NRPC အစည်းအဝေးတက်ရောက်ရန်။ ဦးအောင်မျိုးလတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအေးဗိုလ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးချုပ်ကျော်ကျော်စိုး၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဗိုလ်မှူးတင့်လွင်အေး၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်နှင့် ဦးမန်းထွန်းကြိုင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ပြည်ပခရီးစဥ် တို့ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၃)ဦးနှင့် ယနေ့ခွင့်ပန်ကြားသူ(၂၂)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ(၂၅)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ်သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၂၅)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ ပလက်ဝမြို့၊ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံတွင် လစ်လပ်လျက်ရှိသော လက်ထောက် ဆရာဝန်များနှင့် ကျေးရွာများရှိ ကျန်းမာရေးဌာန(၈)ခုအနက် လစ်လပ်(၇)နေရာတွင် ကျန်းမာရေးမှူးများ အမြန်ဆုံး အစားထိုး ခန့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေ့တင်း က ချင်းပြည်နယ်၊ ပလက်ဝမြို့၊ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံတွင် လစ်လပ်လျက်ရှိသော လက်ထောက် ဆရာဝန်များနှင့် ကျေးရွာများရှိ ကျန်းမာရေးဌာန(၈)ခုအနက် လစ်လပ်(၇)နေရာတွင် ကျန်းမာရေးမှူး များ အမြန်ဆုံး အစားထိုး ခန့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးဌေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေ့တင်း ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပလက်ဝမြို့နယ်သည် ချင်းပြည်နယ်တွင် လူဦးရေအထူ ထပ်ဆုံးမြို့နယ်တစ်ခုဖြစ်ပါတယ်။ လက်ရှိ ပလက်ဝမြို့ပေါ်တွင် တည်ရှိနေသော ခုတင်(၅၀)ဆံ့ ပြည်သူ့ ဆေးရုံသည် ပြည်သူများ ကျန်းမာရေးအတွက် အားအကိုးရဆုံး ဆေးရုံတစ်ခုလည်း ဖြစ်သည်နှင့်အညီ ယနေ့အထိ ဆရာဝန်များသည် ဖွဲ့စည်းပုံအတိုင်း ပြည့်စုံမှုမရှိသေးပါ။ ယခုလက်ရှိ မြို့နယ်ကုသရေး ဦးစီးဌာနမှူးတစ်ဦးနှင့် လက်ထောက်ဆရာဝန် (၂)ဦးသာရှိပါတယ်။ လက်ထောက်ဆရာဝန်(၂)ဦးထဲမှ (၁)ဦးမှာ သင်တန်းတက်ရောက်လျက်ရှိပါတယ်။ အမှန်မှာ ဖွဲ့စည်းပုံအရ လက်ထောက်ဆရာဝန်(၆)ဦး ရှိရမှာ ဖြစ်ပါတယ်။ မြို့နယ်အတွင်းနေထိုင်သော လူဦးရေသည် (၁)သိန်းနီးပါးရှိပြီး အဆိုပါဆေးရုံအား အရေးပေါ်လူနာများနှင့် အခြားဝေဒနာများ ကုသရာတွင် ဆရာဝန်များ လုံလောက်မှုမရှိသည့်အတွက် အခက်အခဲများစွာ ကြုံတွေ့နေဆဲ ဖြစ်ပါတယ်။

ပလက်ဝမြို့နယ်သည် ကျေးရွာအုပ်စုပေါင်း(၉၇)၊ ကျေးရွာပေါင်း(၃၈၇)ရှိပြီး ကျေးလက် ကျန်းမာရေးဌာန(၈)ခုတွင် (၇)ခုမှာ ကျန်းမာရေးမှူးများ လစ်လပ်နေသည်မှာ (၂)နှစ်နီးပါးရှိပြီဖြစ်ပါ တယ်။ ကျန်းမာရေးဌာနတစ်ခုတွင် စီမံအုပ်ချုပ်သူ မရှိပါက လက်အောက်ငယ်သားများလည်း အလုပ် အပေါ် စိတ်ဝင်စားမှုနည်းပါးပြီး လူနာရှင်များကိုယ်တိုင်ကလည်း ကျန်းမာရေးဝန်ထမ်းများအပေါ် အယုံအကြည်နည်းလာသည်ကို တွေ့ရှိရပါတယ်။ ပလက်ဝမြို့ ပြည်သူ့ဆေးရုံတွင် ခုတင်(၅၀) ဖြစ်သည့် အတွက် စုစုပေါင်းဝန်ထမ်းအင်အားမှာ (၈၁)ဦးရှိရမှာဖြစ်ပြီး အခုလက်ရှိ အဆိုပါဆေးရုံ၏ Data

အချက်အလက်များအရ ဝန်ထမ်းအင်အား(၄၂)ယောက်ရှိပြီး ကျန်ရာထူးအလိုက် (၄၁)ဦး လစ်လပ် လျက်ရှိပါကြောင်း တစ်ဆက်တည်း တင်ပြလိုပါတယ်။

ယခုလိုအပ်လျက်ရှိသော ဝန်ထမ်းအင်အားများကို ပြီးပြည့်စုံအောင် မခန့်နိုင်သော် ငြားလည်း သင့်တင့်လျောက်ပတ်သော ဝန်ထမ်းအင်အားများ ဖြည့်စွက်ပေးနိုင်ရန် လိုအပ်နေပါတယ်။ နယ်စပ်ဒေသတိုင်းရင်းသားပြည်သူများသည် ကျန်းမာရေးကိစ္စအဝဝတွင် ပလက်ဝဆေးရုံတစ်ခုတည်း ကိုသာ အားကိုးရတာ ဖြစ်ပါတယ်။ အပြင်ဆေးခန်းများလည်း ပလက်ဝမြို့ပေါ်တွင် မရှိကြောင်း တင်ပြ အပ်ပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံတွင် လစ်လပ်လျက်ရှိသော လက်ထောက်ဆရာဝန်များနှင့် ယင်းကျေးရွာများရှိ ကျန်းမာရေးဌာန(၈)ခုအနက် လစ်လပ်(၇)နေရာတွင် ကျန်းမာရေးမှူးများ အမြန်ဆုံး အစားထိုး ခန့်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်အပါအဝင် နိုင်ငံတစ်ဝန်းရှိ ပြည်သူ့ဆေးရုံများ၌ လိုအပ်လျက် ရှိသော အောက်စီဂျင်အိုးများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အခမဲ့ ထောက်ပံ့ကူညီပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်သီရိရတနာ က မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်အပါအဝင် နိုင်ငံတစ်ဝန်းရှိ ပြည်သူ့ဆေးရုံများ၌ လိုအပ် လျက်ရှိသော အောက်စီဂျင်အိုးများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အခမဲ့ ထောက်ပံ့ ကူညီပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ မင်္ဂလာပါရှင်။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု အဆင့် အဖွဲ့အစည်းဝင်များနှင့် နိုင်ငံသူ၊ နိုင်ငံသားများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာ ခြင်းနှင့် ပြည့်စုံကြပါစေရှင်။ ကျွန်မကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်သီရိရတနာ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ကျွန်မရဲ့မဲဆန္ဒနယ်ကို အခြေခံပြီး နိုင်ငံ တစ်ဝန်းလုံးရှိ ပြည်သူ့ဆေးရုံများမှာ လိုအပ်လျက်ရှိတဲ့ အောက်စီဂျင်အိုးများကို ကျန်းမာရေးဝန်ကြီး ဌာနမှ အခမဲ့ ထောက်ပံ့ပေးဖို့ အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ အမှာစကားတစ်ခုမှ ကောက်နုတ်ချက်ဖြစ်တဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ကျန်းမာရေးဆိုင်ရာ လုပ်ငန်း

စီမံချက်များ၏ စွမ်းဆောင်မှုကို ပညာရပ်ဆိုင်ရာ ရှုထောင့်မှ အမြဲမပြတ် ဆန်းစစ်လေ့လာနေရမှာဖြစ်ပြီး ကုန်ကျစရိတ်နှင့် လျော်ညီသော ဝန်ဆောင်မှုများအတွက် ဘဏ္ဍာငွေများကို စနစ်တကျ စီမံခန့်ခွဲပြီး သင့်တော်သည့်နေရာတွင် ကျိုးကြောင်းခိုင်လုံစွာဖြင့် ခွဲဝေသုံးစွဲရမည်ဖြစ်ပြီး မသင့်လျော်တဲ့နေရာမှာ သုံးစွဲခြင်းနှင့် လေလွင့်ပြုန်းတီးမှုကိုလည်း ရှောင်ရှားရမှာ ဖြစ်ပါတယ်ဆိုတဲ့ လမ်းညွှန်ချက်နှင့်အညီ ကျန်းမာရေးစောင့်ရှောက်ခံ ပြည်သူတို့အား တိုက်ရိုက်အကျိုးပြု ဝန်ဆောင်မှုပေးရမှာ ဖြစ်ပါတယ်။ ထို့အတူ နိုင်ငံတစ်ဝန်းရှိ ပြည်သူ့ဆေးရုံများမှာ လိုအပ်လျက်ရှိတဲ့ အောက်စီဂျင်ပေးကဏ္ဍအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် အခြားဆေးဝါးများနည်းတူ ထောက်ပံ့ပေးသင့်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ် ပြည်သူ့ဆေးရုံကြီးမှာ တက်ရောက် ဆေးဝါးကုသမှု ခံယူနေကြတဲ့လူနာများအတွက် လစဉ် အောက်စီဂျင်လိုအပ်ချက်မှာ (၄၀)လီတာပါ အိုးကြီးအလုံး(၄၀)ကျော် ဖြစ်ပါတယ်။ ဒီ အောက်စီဂျင်အိုးကြီးတစ်လုံးရဲ့ ဖြည့်ခမှာ ကျပ်(၁၃၀၀၀)ကျော် ဖြစ်တဲ့အတွက် အောက်စီဂျင် လိုအပ်လူနာများ အတွက် လစဉ် အောက်စီဂျင် အသုံးပြုခ ကုန်ကျငွေမှာ ကျပ်(၅၂၀၀၀၀)ဝန်းကျင် ဖြစ်ပါတယ်။ မြို့နယ် အတွင်းရှိ အခြားတိုက်နယ်ဆေးရုံများမှာလည်း လစဉ် အောက်စီဂျင်အိုးကြီး အလုံးပေါင်း(၄၀)အိုးခန့် အသုံးပြု ကုသနေရကြောင်း သိရှိရပြီး ဆေးရုံများအတွက် လိုအပ်လျက်ရှိတဲ့ အောက်စီဂျင်အိုးများကို လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များကသာ ထောက်ပံ့ကူညီ လှူဒါန်းပေးနေရတာ ဖြစ်ပါတယ်။ ကျွန်မရဲ့ မဲဆန္ဒနယ်နည်းတူ နိုင်ငံတစ်ဝန်းမှာလည်း အလားတူပဲ ဖြစ်မယ်လို့ ယူဆမိပါတယ်။ အောက်စီဂျင် ဆိုတာ အခြားဆေးဝါးများကဲ့သို့ပဲ လူနာများအတွက် အလွန်အရေးကြီးတဲ့ အသက်ကယ် အရာတစ်မျိုး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ယခုအချိန်အခါမှာ နိုင်ငံတော်အစိုးရမှလည်း ကျွန်မတို့ ပြည်သူများရဲ့ ပညာရေး၊ ကျန်းမာရေးကဏ္ဍများကို အထူးအလေးထားပြီး အားသွန်ခွန်စိုက် မြှင့်တင် ထောက်ပံ့ပေးနေတဲ့ကာလလည်း ဖြစ်ပါတယ်။ အဲဒီလို နိုင်ငံတော်မှ စီမံချက်များချမှတ်ပြီး ကျန်းမာရေး ဘတ်ဂျက်များကိုလည်း တိုးမြှင့်သုံးစွဲ၍ ပြည်သူများရဲ့ ကျန်းမာရေးအတွက် ဆေးကုသစရိတ်များကို လျော့နည်းအောင် လျှော့ချနိုင်ရန် ဆောင်ရွက်နေတာ တွေ့ရှိရတဲ့အတွက် နိုင်ငံတစ်ဝန်း လိုအပ်လျက် ရှိနေတဲ့ အောက်စီဂျင် ထောက်ပံ့ရေးကဏ္ဍအတွက် ဒီမေးခွန်းကို မေးမြန်းတောင်းဆိုရခြင်း ဖြစ်ပါတယ်။

ထို့ကြောင့် ကျွန်မရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ဘီးလင်းမြို့နယ်ကို အခြေခံပြီး ကျွန်မတို့ နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူ့ဆေးရုံများမှာ လိုအပ်လျက်ရှိသော အောက်စီဂျင်များကို အခြားဆေးဝါးများ နည်းတူ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အခမဲ့ ထောက်ပံ့ပေးရန် အစီအစဉ် ရှိ/မရှိ ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံဒေသအသီးသီး၌ ဖွင့်လှစ်ထားသည့် မြန်မာ့ပရဆေးဆိုင်များမှ ဆေးဝါးကုန်ကြမ်းများတွင် သိပ္ပံနည်းကျ မှန်ကန်သော ဆေးဝါးစစ်စစ် တင်သွင်း ရောင်းချနိုင်ရေးအတွက် ပညာပေး လုပ်ထုံးလုပ်နည်းများ စိစစ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)က မြန်မာနိုင်ငံဒေသအသီးသီး၌ ဖွင့်လှစ်ထားသည့် မြန်မာ့ပရဆေးဆိုင်များမှ ဆေးဝါးကုန်ကြမ်းများတွင် သိပ္ပံနည်းကျ မှန်ကန်သော ဆေးဝါးစစ်စစ် တင်သွင်းရောင်းချနိုင်ရေးအတွက် ပညာပေးလုပ်ထုံးလုပ်နည်းများ စိစစ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဒေါက်တာကျော်သန်းထွန်း (ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး ကျန်းမာချမ်းသာကြစေရန် ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်သန်းထွန်း(ကန်တုန်) ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ငှက်ပျောပင်စိုက် မိလိုက်ဖပါဆိုတဲ့ ဆိုထုံးစကားရပ်ဟာ မိရိုးဖလာ အစဉ်အဆက်က မိဘမျိုးရိုးအလိုက် လုပ်ကိုင်ဆောင်ရွက်ကြတဲ့ ဓလေ့စရိုက်ကို ရည်ညွှန်းခြင်းဖြစ်ပြီး မြန်မာ့ပရဆေးလောကမှာလည်း မိဘစဉ်ဆက် လက်ထပ်သင်ကြားခဲ့တဲ့ အတွေ့အကြုံများကို အခြေခံပြီး ဆေးဝါးရောင်းချနေတဲ့ ပရဆေးဆိုင်များ အများအပြားရှိပါတယ်။ မြန်မာ့ဆေးဝါးလောကမှာ အတွေ့အကြုံအရ ဗဟုသုတများကို အခြေခံပြီး ရောင်းဝယ်လာကြတဲ့ ပရဆေးလောကမှာ စီးပွားရေး လျှို့ဝှက်ချက်အရ နည်းစနစ် လုပ်ထုံးလုပ်နည်းများကို လျှို့ဝှက်ထားတတ်ကြပြီး တစ်ခါတစ်ရံ အစဉ်အဆက် မှားလာတတ်ကြတဲ့ နည်းစနစ်တွေလည်း တွေ့ကြုံရပါတယ်။ ယနေ့ခေတ်မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) က အသိအမှတ်ပြုတဲ့ သိပ္ပံနည်းကျ ဆန်းစစ်ချက်များကို အဓိကထားပြီး ဆေးဝါးကျွမ်းကျင်ပညာရှင် (Pharmacist) တွေနဲ့ နည်းစနစ်မှန်ကန်စွာ လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့ရိုးရာဆေးဝါးများကို သိပ္ပံနည်းကျ ဆောင်ရွက်ထားရှိပြီး ကမ္ဘာ့ဈေးကွက်ဆီ တင်ပို့ရောင်းချနေတဲ့ တရုတ်နိုင်ငံမှာ ဆေးဝါးအကြမ်းထည် (Herbal Drugs) များကို မူရင်းနာမည်၊ သိပ္ပံနာမည် အသုံးချပုံနည်းစနစ်များ စနစ်တကျ မှတ်တမ်းတင်ထားရှိပြီး ဟောင်ကောင်၊ စင်ကာပူ၊ ဂျပန်၊ တောင်ကိုရီးယား၊ အမေရိကန်နိုင်ငံတို့က တရုတ်ဆေးဆိုင်ကြီးတွေဟာ စံနမူနာယူစရာ ကောင်းလှပါတယ်။ မြန်မာနိုင်ငံ ဒေသအသီးသီးက ဆေးဝါးကုန်ကြမ်းပစ္စည်းရောင်းချတဲ့ ပရဆေးဆိုင်များမှာ ဆေးကုန်ကြမ်း သိုလှောင်သိမ်းဆည်းမှုက စနစ်တကျလုပ်ဆောင်မှု အားနည်းလှတာ တွေ့ရပါတယ်။ ဆေးဝါးကုန်ကြမ်းများ အမည်နာမ၊ သိပ္ပံနာမည် ဖော်ပြမှုမရှိခြင်း၊ ကုန်ကြမ်းပစ္စည်း များ သန့်စင်ထားရှိမှု မရှိခြင်း၊ ကုန်ကြမ်းပစ္စည်းအချင်းချင်း ရောနှောထားရှိခြင်း၊ ကာလလွန် အာနိသင်

မမြောက်တော့သည့် ဆေးပစ္စည်းများကို ကာလစည်းကမ်းသတ်မထားရှိခြင်းနှင့် အတုအပများ အစားထိုးခြင်း၊ အဆိပ်ပါရှိတဲ့ကုန်ကြမ်း ဥပမာ ဆီမီးတောက်ဥ၊ (Gloriosa Superba) ကဲ့သို့သော ဆေးပစ္စည်းများ သီးသန့်မထားရှိခြင်း၊ Fungus မှို အမျိုးအစားဖြစ်တဲ့ ယနေ့ ဆေးလောကမှာ အသုံးပြုနေတဲ့ Lin Zhi လိန်ကျီ(ခ) Ganoderma Lucidum အမျိုးအစား ပိတောက်မှိုတို့ကို တစ်သားတည်း ရောနှောထားရှိခြင်းတို့ ဖြစ်ပါတယ်။

အဆိုပါ ပိတောက်မှိုဆေးဝါးပစ္စည်းဟာ မြန်မာနိုင်ငံတွင် မင်းတုန်းမင်းတရားကြီးလက်ထက်ဆက်သွင်းသော အဘိညာဥ်ဆေးတွင် အဓိကပါဝင်ပြီး Fungus Saprophyte အမျိုးအစားဖြစ်ပါတယ်။ ပိတောက်ပင် Pterocarpus macrocarpus နဲ့ နံ့သာနီပင် Pterocarpus santalanus တို့တွင် စွဲကပ်သည့် Fungus အမျိုးအစားတို့သည်သာ အကောင်းဆုံးဆေးဖက်ဝင် ပစ္စည်းဖြစ်ပြီး ဟုန်း(ခ) Derris အပင်ကဲ့သို့ အဆိပ်ရှိသည့်အပင်ကို စွဲကပ်ပေါက်ရောက်တဲ့ Fungus ကတော့ အဆိပ်ပျံ့သွားပြီး အန္တရာယ်ရရှိစေမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ သတိပြုဆင်ခြင်စရာအကောင်းဆုံးက နံ့သာဖြူဆီကို နံ့သာဖြူအပင် Santalum album က ပေါင်းခံရရှိတဲ့အဆီ မသုံးဘဲ မြန်မာနိုင်ငံအတွင်းမှာ ဓာတုဗေဒနံ့သာဆီကို အစားထိုး ရောင်းချနေမှုတွေ ရှိနေပါတယ်။ နံ့သာဖြူဆီ Sandal Wood (Santalum album) မဟုတ်တော့ အန္တရာယ်ကြီးမားလှပါတယ်။ ထို့အတူ ပရုပ်ပင် Cinnamomum camphora ကထုတ်တဲ့ ပရုပ်မဟုတ်ဘဲ ဓာတုဗေဒကထုတ်တဲ့ ပရုပ်မှုန့်တွေနဲ့ အကျော်(သစ်မွှေး) Aquillaria malacensis ပင်ကို Fungus ဝင်ပြီးရရှိတဲ့ သစ်မွှေးဆီ စစ်စစ်ကကင်ဆာအနာပြင်းတွေအတွက် အထူးကောင်းမွန်ပေမယ့် ဓာတုဗေဒသစ်မွှေး အနံ့ပေးတဲ့ Synthetic oil ကတော့ အန္တရာယ်ရရှိစေမှာ ဖြစ်ပါတယ်။ တနင်္သာရီတိုင်းက ထွက်ရှိတဲ့ ကမ်းဇော်ပင် Pynenia olifera အစေ့မှ ရရှိတဲ့အဆီအစား အတုအပ ကမ်းဇော်ဆီတွေ တွေ့ရှိရပါတယ်။ ကမ္ဘာ့ဆေးဝါးကုန်ကြမ်းဈေးကွက်မှာ တရုတ်ဆေးဝါးကုန်ကြမ်းများဟာ ဝယ်လိုအား ရောင်းလိုအား အကောင်းဆုံးဖြစ်ပြီး နှစ်စဥ် ဒေါ်လာဘီလီယံချီ ရရှိနေပါတယ်။ မကြာသေးမီက ၁၁-၆-၂၀၁၇ နေ့စွဲပါ New Light of Myanmar သတင်းစာမှာ အမြတ်အစွန်းကြီးမားလှတဲ့ တရုတ်ဆေးဝါးပစ္စည်း(၄)မျိုး (၇၅)ကီလိုကို မြန်မာနိုင်ငံမှာစိုက်ပျိုးပြီး ဂျပန်နိုင်ငံကို တင်ပို့ရာမှာ ဒေါ်လာ(၂၆၃)သန်း ရရှိကြောင်း ပါရှိပါတယ်။

သို့ပါ၍ မြန်မာ့ဆေးဝါးကုန်ကြမ်းများ သိုလှောင်ရောင်းချရာမှာ မြန်မာ့နည်းမြန်မာ့ဟန် ဆိုပြီး မြန်မာမှုပြုရန်မဟုတ်ဘဲ ကမ္ဘာ့ဈေးကွက်ဆီ တိုးဝင်ဖို့ မြန်မာ့ပရဆေးဆိုင်များမှ ဆေးဝါးကုန်ကြမ်းများ သိပ္ပံနည်းကျ မှန်ကန်သော ဆေးဝါးစစ်စစ် တင်သွင်းရောင်းချနိုင်ရေးအတွက် ပညာပေးလုပ်ထုံးလုပ်နည်းများ စိစစ်ဆောင်ရွက်ပေးနိုင်ရန် အစီအစဥ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အရ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်၊ ဓမ္မသော် တိုက်နယ်ဆေးရုံ စံကိုက်ဆောက်လုပ်ရန် ဘတ်ဂျက်ငွေ ချထားပေးသော်လည်း အခြား နတ်တလင်း မြို့နယ်၊ တာပွန်မြို့ တိုက်နယ်ဆေးရုံသစ်ကို နေရာပြောင်းတည်ဆောက်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်တစ်ဦးက ကန်ထရိုက်ကုမ္ပဏီသို့ ညွှန်ကြားခဲ့သည့်အတွက် လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်လျက် ရှိနေစဉ်မှာပင် ရပ်ဆိုင်းထားရန် တားမြစ်ခဲ့ပြန်သဖြင့် ယင်းသို့ ခွင့်ပြုချက်ပေးထားသည့် နေရာဒေသ မှလွဲ၍ အခြားနေရာဒေသသို့ ပြောင်းရွှေ့ဆောင်ရွက်ခွင့် ရှိ/မရှိကို သိရှိလိုခြင်းနှင့် နောက်နောင် ယင်းကဲ့သို့ မူဘောင်ကျော်၍ လုပ်ဆောင်ထားမှုတို့အပေါ် မည်ကဲ့သို့ စီမံထိန်းကျောင်း ကြပ်မတ်သွား ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း က ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အရ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်၊ ဓမ္မသော် တိုက်နယ်ဆေးရုံ စံကိုက်ဆောက်လုပ်ရန် ဘတ်ဂျက်ငွေ ချထားပေးသော်လည်း အခြား နတ်တလင်း မြို့နယ်၊ တာပွန်မြို့ တိုက်နယ်ဆေးရုံသစ်ကို နေရာပြောင်းတည်ဆောက်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်တစ်ဦးက ကန်ထရိုက်ကုမ္ပဏီသို့ ညွှန်ကြားခဲ့သည့်အတွက် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျက် ရှိနေစဉ်မှာပင် ရပ်ဆိုင်းထားရန် တားမြစ်ခဲ့ပြန်သဖြင့် ယင်းသို့ ခွင့်ပြုချက်ပေးထားသည့် နေရာ ဒေသမှလွဲ၍ အခြားနေရာဒေသသို့ ပြောင်းရွှေ့ ဆောင်ရွက်ခွင့် ရှိ/မရှိကို သိရှိလိုခြင်းနှင့် နောက်နောင် ယင်းကဲ့သို့ မူဘောင်ကျော်၍ လုပ်ဆောင်ထားမှုတို့အပေါ် မည်ကဲ့သို့ စီမံထိန်းကျောင်း ကြပ်မတ် သွားရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လျက်ရှိသော လွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရတာဝန်ရှိသူများကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးလိုတဲ့ မေးခွန်းကတော့ နိုင်ငံတော်နဲ့ နိုင်ငံတော်ရဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အရ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်၊ ဓမ္မသော် တိုက်နယ်ဆေးရုံ စံကိုက်ဆောက်လုပ်ရန် ဘတ်ဂျက်ငွေ ချပေးထားခြင်းအပေါ် အခြား နတ်တလင်း မြို့နယ်၊ တာပွန်မြို့ တိုက်နယ်ဆေးရုံသစ်နေရာကို ပြောင်း၍တည်ဆောက်ရန် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်တစ်ဦးက ကန်ထရိုက်ကုမ္ပဏီကို ညွှန်ကြားခဲ့တဲ့အတွက် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက် လျက်ရှိနေစဉ်မှာပင် ရပ်ဆိုင်းထားရန် အစိုးရအဖွဲ့မှ တားမြစ်ခဲ့ပြန်ပါတယ်။ ယင်းသို့ ခွင့်ပြုချက်ပေး ထားသည့် နေရာဒေသမှလွဲ၍ အခြားနေရာဒေသသို့ ပြောင်းရွှေ့ဆောက်လုပ်ခွင့် ရှိ/မရှိ ဆိုသည်ကို လည်းကောင်း၊ နောက်နောင် ယင်းကဲ့သို့ မူဘောင်ကျော်ပြီး လုပ်ဆောင်ထားမှုတို့ကို မည်ကဲ့သို့ စီမံ

ထိန်းကျောင်း ကြပ်မတ်သွားရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းရန် ပေါ်ပေါက်လာခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ နတ်တလင်းမြို့နယ်၊ တာပွန်မြို့ရှိ တိုက်နယ်ဆေးရုံ အဆောက်အအုံအဟောင်းနှင့် ဝန်ထမ်းအိမ်ရာများ ယိုယွင်းပျက်စီးနေမှုတို့ကို အန္တရာယ်ရှိ အဆောက်အအုံများအနေဖြင့် သတ်မှတ်လို့တောင် ရနိုင်တဲ့အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်ပေးရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တာပွန်တိုက်နယ် ဆေးရုံအုပ်ကြီးမှ ဓာတ်ပုံမှတ်တမ်းများ၊ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ လျှောက်ထားခဲ့ကြောင်း သိရှိရပါတယ်။ ပကတိအခြေအနေအရလည်း အမှန်တကယ် ယိုယွင်းပျက်စီးနေမှုကို ကွင်းဆင်းစစ်ဆေးပါက တွေ့ရှိနိုင်ပါတယ်။ ယင်းကဲ့သို့ လျှောက်ထားမှုကြောင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးက တာပွန်မြို့ တိုက်နယ်ဆေးရုံသစ် စံကိုက်ဆောက်လုပ်ရန် နှုတ်မိန့်ဖြင့် ကန်ထရိုက်ရသည့် ကုမ္ပဏီကို ညွှန်ကြားခဲ့တဲ့အတွက် မြေပြင်တိုင်းတာခြင်း၊ ပန္နက်ရိုက်ခြင်း၊ မြေကျင်းတူးခြင်း၊ အုတ်၊ သဲ၊ ကျောက်များချကာ လုပ်ငန်းစတင် ပြင်ဆင်ဆောင်ရွက်လျက်ရှိနေစဉ်မှာပင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လုပ်ငန်းများရပ်ဆိုင်းထားရန် ညွှန်ကြားခဲ့ပြန်သောကြောင့် တာပွန်မြို့နေ ပြည်သူလူထုအတွင်း၌ ဝိဝါဒကွဲပြားမှုများ သို့လော သို့လော သံသယစိတ်များ ဖြစ်ပေါ်ခဲ့ရပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေး အရအသုံး ခန့်မှန်းခြေငွေစာရင်း၊ ငွေလုံးငွေရင်း ဆောက်လုပ်ရေး အပိုဒ်(၁)၊ စာမျက်နှာ(၁၈)တွင် ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်ရှိ ဓမ္မသော်တိုက်နယ်ဆေးရုံ တည်ဆောက်ရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ကျပ်သန်းပေါင်း(၃၆၀)ဖြင့်လည်းကောင်း၊ သတ်မှတ်လျာထား ဆောင်ရွက်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင်လည်း ဆက်လက်၍ ကျပ်သန်းပေါင်း(၂၅၀)ကို သတ်မှတ်လျာထားပြီးဖြစ်၍ တရားဝင် ချထားပေးထားပါလျက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးက ပြည်ထောင်စုဝန်ကြီးထံ အသိပေးတောင်းခံခြင်း၊ ခွင့်ပြုချက်တောင်းခံခြင်းမရှိဘဲ မိမိသဘောဆန္ဒအလျောက် နှုတ်မိန့်ဖြင့် အခြားမြို့နယ်သို့ နေရာပြောင်းရွှေ့ချထားခွင့် ရှိ/မရှိနှင့် ထိုကဲ့သို့ လုပ်ထုံးလုပ်နည်းနှင့်မညီဘဲ ဆောင်ရွက်ထားရှိမှုတို့ကြောင့် တာပွန်မြို့ ပြည်သူများက လွှတ်တော်ကိုယ်စားလှယ်များကို မေးခွန်းထုတ်စရာများ ဖြစ်ပေါ်လာခဲ့ပါတယ်။

ဒါကြောင့် ယင်းကဲ့သို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးအနေဖြင့် ဆေးရုံဆောက်လုပ်ခြင်းဘတ်ဂျက်ကို စိစစ်လေ့လာသုံးသပ်ခြင်း၊ စုံစမ်းခြင်းမပြုဘဲ ပြည်ထောင်စုဝန်ကြီးထံသို့လည်း ခွင့်ပြုချက်တောင်းခံခြင်းလည်းမရှိ၊ မူဘောင်ကျော်၍ အောက်ခြေ၌ လုပ်ဆောင်ခဲ့မှုများ ပေါ်ပေါက်တွေ့ရှိရလျှင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ မည်ကဲ့သို့ အရေးယူကြပ်မတ် စီမံထားရှိမှုတို့ကို တာပွန်မြို့နေ ပြည်သူများက သိရှိလိုပါကြောင်းနှင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၃။**

**ဒေါက်တာမြင့်ထွေး (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံမှာ လစ်လပ်လျက်ရှိတဲ့ လက်ထောက်ဆရာဝန်များနဲ့ ကျေးလက်ကျန်းမာရေးဌာနမှာ လစ်လပ်လျက်ရှိသော ကျန်းမာရေးမှူးများ၊ (၈)ခုအနက် (၇)ခုတွင် လစ်လပ်နေသော ကျန်းမာရေးမှူးများ၊ အမြန်ဆုံး အစားထိုးပေးရန်နှင့် ပတ်သက်၍ ကျွန်တော် ဖြေကြားမှာဖြစ်ပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ၂၀၁၆ ဧပြီမှာ ပြည်သူ့ဆေးရုံ၊ ပလက်ဝ ချင်းပြည်နယ်တွင် ကျွန်တော့်ကို စာရေးထားတယ်လို့တော့ ပြောပါတယ်။ ဧပြီလမှာ။ ဒါပေမဲ့ ဧပြီ ၂၀၁၆ ဆိုတော့ ကျွန်တော်တို့ တက်ခါစဆိုတော့ အဲဒီစာက ပျောက်သွားလား၊ ဘာလားတော့ မသိဘူး။ အဲဒါတော့ ကျွန်တော် တောင်းပန်ပါတယ်။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ မြို့နယ်ကုသရေးဦးစီးဌာနမှူး တစ်ဦး (ဆမ-၁၅၂၆၁) အား ကုသရေးဦးစီးဌာန၏ ၇-၃-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၃မက(က) ၂၀၁၇/၂-၂၁ ဖြင့် ခန့်ထားပြီး ၅-၄-၂၀၁၇ ရက်နေ့မှစ၍ အလုပ်တာဝန်များ စတင်ထမ်းဆောင်လျက်ရှိပါတယ်။ ထို့အပြင် လက်ထောက်ဆရာဝန်တစ်ဦး (ဆမ-၃၀၂၄၃)အား ကုသရေးဦးစီးဌာန၏ ၈-၅-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၃မက(က) ၂၀၁၇/၁-၂၀၁ ဖြင့်လည်းကောင်း၊ လက်ထောက်ဆရာဝန် တစ်ဦး၊ နောက်ထပ်(၁)ဦး၊ (ဆမ-၃၆၄၉၉)အား ကုသရေးဦးစီးဌာနမှူး၏ ၁၈-၇-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၃မက(က)၂၀၁၅/၁-၁၇၁ ဖြင့် ခန့်ထားပေးခဲ့ပြီး ၎င်းမှာ ၁၃-၈-၂၀၁၅ ခုနှစ်မှစ၍ အလုပ်များ တာဝန်ထမ်းဆောင် နေပါတယ်။

ပြည်သူ့ဆေးရုံ ပလက်ဝမြို့ရဲ့ စုစုပေါင်း ဆရာဝန်အင်အားကတော့ ခွင့်ပြု(၆)ဦး၊ ခန့်ထား (၂)ဦး ရှိပါတယ်။ ခွင့်ပြု(၆)ဦး၊ ခန့်ထား(၂)ဦးအပြင် မြို့နယ်ကျန်းမာရေးဦးစီးဆရာဝန်တစ်ဦးလည်း ရှိပါတယ်။ လောလောဆယ် ဆရာဝန်(၃)ဦးရှိပါတယ်။ ကျွန်တော့်အနေနဲ့ ဒီသတင်းစာမှာလည်း ပါ ပါပြီ။ ဒါပေမဲ့ ဆရာဝန် (၁၇၀၀)ဆက်ခန့်ဖို့ရှိပါတယ်။ ဒီ(၈)ပတ် Training နဲ့ဆိုရင် လာမယ့် (၁၂)ပတ် လောက်မှာတော့ ကျွန်တော်တို့ ဆရာဝန်(၁၇၀၀) ဆက်ရောက်ဖို့ ရှိပါတယ်။ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအနေနဲ့ ချင်းပြည်နယ်မှာ လစ်လပ်လျက်ရှိသော လက်ထောက်ကျန်းမာရေးမှူးနေရာများမှာ တော့ (၃၁)ကြိမ်မြောက် လက်ထောက်ကျန်းမာရေးမှူး၊ အကျဉ်းချုံး သင်တန်းဆင်း(၂၀)နဲ့ ကျန်းမာရေး သိပ္ပံဘွဲ့၊ အခြေခံ ကျန်းမာရေးဘွဲ့ရ လက်ထောက်ကျန်းမာရေးမှူး ရာထူးဝင်ခွင့်အောင်မြင်သူ (၁၅)ဦး

တို့ကို ချင်းပြည်နယ်တွင် ခန့်အပ် တာဝန်ချထားပေးပြီး ဖြစ်ပါတယ်။ ချင်းပြည်နယ်မှာ ခန့်တဲ့အတွက် ချင်းပြည်နယ်မှာရှိတဲ့ Rural Health Centre တွေမှာ သူတို့က ခန့်ပါတယ်။ ချင်းပြည်နယ်ဦးစီးမှူးက။ ပလက်ဝမြို့နယ်မှာရှိတဲ့ ကျေးလက်ကျန်းမာရေးဌာနမှာ လစ်လပ်(၇)နေရာမှာ ကျွန်တော်တို့ အခု(၄)နေရာ ခန့်ထားပြီး ဖြစ်ပါတယ်။ ကျန်ရှိတဲ့ (၃)နေရာကိုတော့ (၃၂)ကြိမ်မြောက် လက်ထောက်ကျန်းမာရေးမှူး အကျဉ်းချုံး သင်တန်းကို စက်တင်ဘာလမှာ ပြီးစီးမယ် ဖြစ်ပါတယ်။ အဆိုပါ သင်တန်းဆင်း(၇၅)ဦးကို အလုပ်ခန့်သည့် အချိန်မှာတော့ ချင်းပြည်နယ်၌ ဦးစားပေး ကျွန်တော်တို့ ခန့်ပါမယ်။ ဒီနေရာမှာ ကျွန်တော်တစ်ခုပြောချင်တာက ဦးစားပေးဆိုတာမှာ ချင်းပြည်နယ်တစ်ခုတည်းကို ဦးစားပေးလို့မရဘူး။ ကျွန်တော်တို့ တစ်ပြည်လုံးမှာရှိတဲ့ တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးမှာရှိတဲ့ ဦးစားပေးများ အားလုံးကို ပြန်ပြီး ဦးစားပေးတွေကို တန်းစီပါတယ်။ တန်းစီပြီးတော့ ချင်းပြည်နယ်မှာ ပိုပြီးတော့ ဦးစားပေးလို့ရှိရင် ကျွန်တော်တို့ ချင်းပြည်နယ်ကို ဦးစားပေးခန့်ပါတယ်။ တိုင်းဒေသကြီးနှင့်ပြည်နယ် တစ်ခုချင်းကို စဉ်းစားလို့မရဘူး။ ကျွန်တော်တို့ ဗဟိုအနေနဲ့က တစ်ပြည်လုံးမှာရှိတဲ့ တိုင်းဒေသကြီးနှင့်ပြည်နယ် အားလုံးကို ခြုံပြီးစဉ်းစားတဲ့အတွက် ချက်ချင်း မခန့်နိုင်ခြင်း ဖြစ်ပါတယ်။

ထို့အပြင် ကျွန်တော်တို့ ဒီ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်း လက်ထောက်ကျန်းမာရေးမှူးကိစ္စနဲ့ပတ်သက်လို့ ကျွန်တော်တို့နိုင်ငံမှာ အားလုံး(၃၄၉၀) ခန့်အပ်မှာပါ။ ကျန်းမာရေးမှူးပေါင်း၊ သို့သော် လောလောဆယ် ကျွန်တော် (၁၇၄၁)ဦးပဲ ခန့်တဲ့အတွက် (၅၀) ရာခိုင်နှုန်းပဲ ဖြည့်နိုင်ပါသေးတယ်။ ဆိုလိုတာက ကျွန်တော်တို့က ထုတ်ပါတယ်။ ထုတ်ချင်တိုင်း ထုတ်လို့ မရပါဘူး။ ထုတ်တယ်ဆိုတာက ကျွန်တော်တို့ ထုတ်နိုင်တဲ့ Institution ရဲ့ အခြေအနေ၊ Infrastructure သင်ကြားမယ့်ဆရာရဲ့အခြေအနေ၊ ဒါတွေကို အကုန်ကြည့်ပြီးတော့ ကျွန်တော်တို့ ထုတ်နေပါတယ်။ သို့သော် ကျွန်တော့်အနေနဲ့ကတော့ ဒီ လာမယ့် 2018- 2021 ကို Human Resource for Health Plan ရှိပါတယ်။ အဲဒီမှာတော့ အကုန် လိုတဲ့ဟာကို ပိုထုတ်မယ်။ သိပ်မလိုတဲ့ဟာကို လျှော့ထုတ်မယ်။ ဒါတွေ ကျွန်တော်တို့ လုပ်နေပါပြီ။ အဲဒီတော့ နောက်ပိုင်း ဒီ(၃)နှစ်လောက်မှာဆိုရင်တော့ တော်တော်လေး အဆင်ပြေသွားမှာ။ အခုကတော့ ကျွန်တော်တို့ကတော့ ရှိတဲ့ဝန်နဲ့ အတတ်နိုင်ဆုံး ကျွန်တော်တို့ အထူး အစွမ်းကုန်ကြိုးစားပြီး ကျွန်တော်တို့ လုပ်နေပါတယ်။ တချို့ မရသေးတာတော့ နည်းနည်းတော့ သည်းခံ စေချင်ပါတယ်။ ဒါပေမဲ့ ရအောင်တော့ ကျွန်တော် လုပ်ပေးပါမယ်။ အထူးသဖြင့် ချင်းပြည်နယ်လိုဟာ ခက်ခဲတဲ့ဒေသဖြစ်တဲ့အတွက် ဒါကတော့ ချင်းပြည်နယ်ကတော့ တိုင်းဒေသကြီးနှင့် ပြည်နယ်ထဲမှာ ဒီ ချင်း၊ ကယား၊ ကချင်၊ ရှမ်းတွေကတော့ ဦးစားပေးပြီး ပြည်နယ်များဖြစ်ကြောင်း ဒီနေရာမှာ တင်ပြ လိုပါတယ်ခင်ဗျား။

နောက်တစ်ချက်က ကျွန်တော်တို့အနေနဲ့က အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့ အတိုင်း ပြည်သူများ၏ကျန်းမာရေးအတွက်လည်း အစိုးရမှ တာဝန်ယူဖြေရှင်းမည့်နည်းလမ်းများလည်း ရှာဖွေပေးဖို့ လိုအပ်နေပါတယ်တဲ့။ အဲဒီတော့ မိမိတို့အနေနဲ့ ခုန ကျွန်တော် ပြောတဲ့အတိုင်း 2018-2021 Human Resource for Health Plan လူ့စွမ်းအားအရင်းအမြစ်ကို ရေးပြီးတယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ တော်တော်လေး အဆင်ပြေသွားဖို့ ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို ဒီလောက်ပဲ ဖြေခွင့်ပြုပါ။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ် အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီရိရတနာ ၏ မေးခွန်းဖြစ်သော မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်အပါအဝင် နိုင်ငံတစ်ဝန်းရှိ ပြည်သူ့ဆေးရုံများ၌ လိုအပ်လျက်ရှိသော အောက်ဆီဂျင်အိုးများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အခမဲ့ ကူညီထောက်ပံ့ပေးရန် ကိစ္စနှင့်ပတ်သက်၍ ကျွန်တော် ဖြေကြားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဒီလို အောက်ဆီဂျင်ကို ကျွန်တော်တို့စဉ်းစားတဲ့အခါမှာ ကျွန်တော်တို့က အကုန်လုံးစဉ်းစားပါတယ်။ အောက်ဆီဂျင်အိုးတစ်ခုတည်းနဲ့ မလုပ်ပါဘူး။ အောက်ဆီဂျင်ကို ကျွန်တော်တို့ ဆေးရုံကြီးတွေမှာဆိုလို့ရှိရင် အောက်ဆီဂျင် Plant တွေလည်း ပေးပါတယ်။ ဒီအောက်ဆီဂျင် Plant တစ်ခုက ကျွန်တော်တို့က သိန်း(၄၀၀၀)ကနေပြီးတော့ သိန်း(၉၈၀)ကနေ သိန်း(၄၀၀၀)ထိ တန်ပါတယ်။ ဒီ အောက်ဆီဂျင် Plant တွေကို ကြည့်တဲ့အခါမှာ ကျွန်တော်တို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကျွန်တော်တို့မှာ အကုန်စာရင်းလည်း ရှိပါတယ်။ ရန်ကုန်နဲ့ မန္တလေးမှာတော့ အများဆုံးရှိပါတယ်။ အောက်ဆီဂျင် Plant တွေက။ ကျွန်တော်တို့က ရန်ကုန်နဲ့ မန္တလေးမှာ အများဆုံးထားပါတယ်။ ဒါ ပထမဆုံး ကျွန်တော် တင်ပြလိုတာပါ။

အဲဒီတော့ ဒီ ပြည်သူ့ဆေးရုံများမှာ တက်ရောက်ကုသမှုခံနေတဲ့ လူနာများကို အောက်ဆီဂျင် အခမဲ့ပေးနိုင်ဖို့ဆိုရင် ကျွန်တော်တို့က ဒီ Plant တွေပေးမယ်ဆိုရင် အဆောက်အဦနေရာ ကြည့်ရပါတယ်။ ဆေးရုံခုတင်အရေအတွက်၊ လူနာဘယ်လောက်တက်သလဲ၊ အတွင်းလူနာတက်ရောက်မှု၊ ဆေးကုသမှုပေါ် မူတည်ပြီးတော့ တချို့ဆေးရုံတွေမှာ အောက်ဆီဂျင် Plant ပေးပါတယ်။ ခွဲစိတ်ခန်းမှာ ဆိုလို့ရှိရင်တော့ အောက်ဆီဂျင် Concentrator ပေးပါတယ်။ ကျန်တဲ့နေရာမှာတော့ အောက်ဆီဂျင် Cylinder ပေါ့၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့ အောက်ဆီဂျင် Cylinder အိုးများ ထောက်ပံ့ပါတယ်။ ဒီထောက်ပံ့တယ်ဆိုတဲ့ဟာလည်း ကျွန်တော်တို့က အားလုံး ကျွန်တော်တို့မှာ ဒီ ခုတင်(၂၅)ဆေးရုံဖြစ်တဲ့အတွက် ၀၃-၁၃ လုပ်ငန်းသုံးမှာ (၆)သန်း ပေးထားပါတယ်။ ဒီနှစ်ကို၊ ဒီ(၆)သန်းထဲက ဒီအောက်ဆီဂျင်တွေကို ဝယ်လို့ရပါတယ်။ အကယ်၍ ဒီ(၆)သန်းက ကုန်သွားမယ် ဆိုလို့ရှိရင် ကျွန်တော်တို့ ထပ်တောင်းလို့ရှိရင် ကျွန်တော်တို့ ပေးပါတယ်။ သို့သော်လည်း ဒီနေရာမှာ တစ်ခု ကျွန်တော် တင်ပြတာ၊ ဒီဆေးရုံမှာ ဒီလောက် အောက်ဆီဂျင် လိုတယ်ဆိုတာကိုတော့ ပြန်လည်ဆန်းစစ်ဖို့လိုပါမယ်။ အောက်ဆီဂျင်ဆိုတာ ပေးတိုင်းလည်း မကောင်းပါဘူး။ တချို့ကလေး တွေမှာ သွားပေးလို့ရှိရင် Retinopathy of Prematurity မျက်လုံးမှာ ထိခိုက်တာတွေ ရှိပါတယ်။ အောက်ဆီဂျင် တကယ်ပဲလိုလား၊ မလိုလားဆိုတာ စဉ်းစားဖို့ လိုပါတယ်။ မလိုဘဲနဲ့ အောက်ဆီဂျင် သွားပေးရင် အကျိုးမရှိဘဲ အန္တရာယ်လည်း ရှိနိုင်ပါတယ်။ ဒီအချက်တွေတော့ ကျွန်တော်တို့ သိဖို့လို ပါမယ်။ ဒီအောက်ဆီဂျင် Plant ပေးတာကတော့ ကျွန်တော်တို့ကတော့ ဦးစားပေးနဲ့ ခုတင်အကြီးကြီး ဆေးရုံတွေကို စပေးပါတယ်။ နောက်ပိုင်း တဖြည်းဖြည်း၊ တဖြည်းဖြည်း ဒီအစိုးရ သက်တမ်းမှာ (၃)နှစ်၊ (၄)နှစ်၊ (၅)နှစ်မှာ ဆိုလို့ရှိရင်တော့ ဆေးရုံအသေးတွေအထိလည်း ကျွန်တော်တို့ ဆက်ပြီးပေးဖို့ ရှိပါတယ်။

ဒါပေမဲ့ (၂၅)ခုတင်လောက်အထိကို ရောက်ဖို့ဆိုတာကတော့ နည်းနည်းလေးတော့ အချိန်ကြာဦးမှာပါ။ အဲဒီတော့ ဒီကြားထဲမှာ ကျွန်တော်တို့က အောက်ဆီဂျင် Cylinder အိုးများကို ဝယ်ပြီးသုံး၊ ဖြည့်ပေးလို့ရတယ်။ ပိုက်ဆံကို ကျွန်တော်တို့ ပေးပါတယ်။ ပိုက်ဆံ ဒီ(၆)သန်းကုန်သွားလို့ရှိရင် ကျွန်တော်တို့ ပြန်ပေးလို့ရပါတယ်။ ပြန်ပေးမယ်ဆိုရင် ဒီ အောက်ဆီဂျင်က တကယ်လိုလား၊ မလိုလား ဆိုတာ ကျွန်တော်တို့က ကျွမ်းကျင်မှုပိုင်းဆိုင်ရာမှာ ရှုထောင့်မှ ကြည့်လို့ လိုတယ်ဆိုရင် ကျွန်တော် ပေးပါတယ်။ ဒီပိုက်ဆံတွေကိုလည်း ဘဏ္ဍာရေးနှစ်အလိုက် ဆေးရုံ(၁)ရုံချင်းပေါ်မူတည်ပြီး ကျွန်တော်တို့ ပေးပါတယ်။

တချို့ များသောအားဖြင့်တော့ ဒီခုတင်တွေ တူလို့ရှိရင်တော့ ပထမဆုံး အတူပဲ ပေးထားတယ်။ သို့သော်လည်း ခုတင်တူတိုင်း လူနာဦးရေက မတူနိုင်ပါဘူး။ လူနာများတဲ့ဆေးရုံ ဆိုလို့ရှိရင် အဘက်ဘက်မှ ကျွန်တော်တို့က ပိုပြီးပေးပါတယ်။ ခုန ကျွန်တော်တင်ပြတဲ့ ဒီအောက်ဆီဂျင် Concentrator ကလည်း ကျွန်တော်တို့ နှစ်စဉ် ထောက်ပံ့ပါတယ်။ ဒီအောက်ဆီဂျင် Concentrator က ထွက်တဲ့ အောက်ဆီဂျင်ကတော့ နည်းပါတယ်။ (၈၀)ရာခိုင်နှုန်းပဲ ထွက်တယ်။ ဆေးရုံများမှာ (၂)ခု (၃)ခုလောက်ပဲ ကျွန်တော်တို့ ပေးထားပါတယ်။ ခုနပြောတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့ Cylinder အိုးများ လိုတယ်ဆိုလို့ရှိရင် မဝယ်ချင်ရင်လည်း ကျွန်တော်တို့ CMSD မှာရှိပါတယ်။ တစ်ခု ဒီမှာ ကျွန်တော် တင်ပြလိုတာ သက်ဆိုင်ရာ ဆရာဝန်က သိဖို့လိုပါတယ်။ ဒီပစ္စည်းတွေကို ဘယ်လို တောင်းရမယ်ဆိုတာ။ ကျွန်တော် တစ်နေ့ကလည်း တင်ပြပါတယ်။ ကျွန်တော်တို့ Indent system ပေါ့၊ ဆေးပစ္စည်း၊ ဆေး အားလုံးကို ဘယ်လို Indent တောင်းဆိုရမယ်ဆိုတာကို အကုန်လုံး Review လုပ်ပြီးပါပြီ။ နောက်ဆုံး Approval လုပ်ဖို့ပဲကျန်ပါတယ်။ ကျွန်တော် အဖြစ်နိုင်ဆုံး Simplest ဘာလို့လဲဆိုတော့ လွယ်လွယ်ကူကူနဲ့ Indent system ဖြစ်အောင် ကျွန်တော်တို့က လုပ်ဖို့ရှိပါတယ်။

သို့မှသာလျှင် ဆရာဝန်တစ်ယောက်သည် သူ့ဆီမှာ ဆေးလိုလား၊ အောက်ဆီဂျင်လိုလား၊ ဘာလားဆိုတာကို တောင်းရင် ကျွန်တော်တို့က ချက်ချင်းပေးဖို့ရှိပါတယ်။ ဒီကိစ္စမှာ ကျွန်တော် ဆက်လက်တင်ပြရလို့ရှိရင်တော့ ကျွန်တော်တို့ ကုသရေးဦးစီးဌာနက ဒီတိုင်းဒေသကြီးနှင့်ပြည်နယ် အလိုက် ဘတ်ဂျက်တွေ ခွဲတဲ့အခါမှာ ကျွန်တော်တို့ ဒီဝယ်ဖို့အတွက်ကို တစ်နိုင်ငံလုံးအနေနဲ့ ပထမ(၆)လကို (၁၂၀)ဘီလီယံကို တစ်နှစ်စာကို (၁၂၀)ဘီလီယံရတဲ့အတွက် (၅၂)ဘီလီယံကို တစ်ခါတည်း ကျွန်တော်တို့ ပေးလိုက်ပြီ။ အားလုံး တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်ကို စုစုပေါင်း (၅၂)ဘီလီယံ ပေးလိုက်ပါတယ်။ အဲဒီထဲမှာလည်း သူ့ သက်ဆိုင်ရာအလိုက် ဆေးရုံအလိုက် ပိုက်ဆံတွေ ပါ ပါတယ်။ ဒီဆေးရုံက ပိုက်ဆံတွေပါတဲ့အထဲက ဒီဟာ ဝယ်လို့ရပါတယ်။ ကျွန်တော်တို့ ပြီးခဲ့တဲ့(၂)ပတ်လောက်က ပိုက်ဆံချလိုက်ပါပြီ။ အဲဒီတော့ ဒီမှာဝယ်လို့ရပါတယ်။

အကယ်၍ ဒီဆေးရုံကသာ ဘီးလင်းဆေးရုံကသာ ပိုနေလို့ရှိရင် သက်ဆိုင်ရာ ပြည်နယ်၊ မွန်ပြည်နယ်ကုသရေးဦးစီးမှူးကို အကြောင်းကြားရင် သူက ဒါကို အကုန်လုံးစီစဉ်ပေးမှာပါ။ အကြောင်းမကြားရင်တော့ ဘယ်လိုမှ မသိနိုင်ပါဘူး။ ကျွန်တော် အဓိကပြောလိုတာကတော့ ပိုက်ဆံရှိပါတယ်။ 03-13 ထဲက ဝယ်ပါ။ ဝယ်လို့ရှိရင် ရတယ်။ ကုန်လို့ရှိရင် ကျွန်တော်တို့ ဆက်လက်ပေးမယ်ဆိုတာကို ကျွန်တော် တင်ပြရင်း ဒီမေးခွန်းကို ဒီလောက်ပဲ ဖြေခွင့်ပေးပါခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ဒီမေးခွန်းကတော့ တော်တော်လေးလည်း အသေးစိတ် လက်ဝင်တဲ့အတွက် (၅)မိနစ်ထက် ပိုကြာမယ်ဖြစ်ပါတယ်။ အလွန်လည်းအရေးကြီးတဲ့ မေးခွန်းဖြစ်ပါတယ်။ မေးခွန်း မေးမြန်းခြင်းအတွက်လည်း ကျွန်တော့်အနေနဲ့ အများကြီး ကျေးဇူးတင်ပါတယ်။ ဒီမှာ ကျွန်တော်တို့ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးနဲ့ပတ်သက်ပြီး တိုင်းရင်းဆေးဝါးဥပဒေ၊ အခန်း(၃)၊ အာဏာပိုင်အဖွဲ့အစည်း ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏ လုပ်ငန်းတာဝန်များ ပုဒ်မ ၆၊ ပုဒ်မခွဲ(ည)မှာ တိုင်းရင်းဆေးဝါးများ ကုန်ကြမ်းစုဆောင်းခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ထိန်းသိမ်းခြင်းများနှင့် စပ်လျဉ်း၍ နည်းပညာများ ဖြန့်ဖြူးစေခြင်းတို့ ပါဝင်ပါတယ်။

တိုင်းရင်းဆေးပညာဦးစီးဌာနအနေနဲ့ကတော့ ပရဆေးကုန်ကြမ်း တင်သွင်းရောင်းချလိုသော ကုမ္ပဏီများမှ ပရဆေးကုန်ကြမ်းစစ်မှန်ဖို့ ထောက်ခံချက်တောင်းလို့ရှိရင် စစ်ဆေးပြီး အတည်ပြုပေးလျက်ရှိပါတယ်။ ကျွန်တော်တို့မှာ ဒီလိုရှိပါတယ်။ စစ်ဆေးခြင်း၊ ဒီစာရွက်တွေ အကုန်ရှိပါတယ်။ စနစ်တကျ သူတို့ လျှောက်ရပါတယ်။ စနစ်တကျ ကျွန်တော်တို့ ဓာတ်ခွဲစစ်ရပါတယ်။ တကယ့်ကျွန်တော်တို့ ဒီဓာတ်ခွဲ၊ Extract အဆီတို့ ဒီအကုန်လုံးကျွန်တော်တို့ စစ်ပြီးပေးပါတယ်။ ကုမ္ပဏီများကနေပြီးတော့ ပရဆေးကုန်ကြမ်း သို့မဟုတ် Extract အဆီ တင်သွင်းလိုလို့ရှိရင်တော့ ၎င်းတို့တင်သွင်းမည့်ပစ္စည်းများသည် တိုင်းရင်းဆေးဝါးဖော်စပ်ရာတွင် အသုံးပြုသော ကုန်ကြမ်းပစ္စည်းဖြစ်ကြောင်း လာရောက်လျှောက်ထားပါက ကျွန်တော်တို့ Extract ကိုလည်း လုပ်ပေးပါတယ်။ ဒီမှာဥပမာဆိုလို့ရှိရင် FAME Pharmaceutical Industry ကုမ္ပဏီက ဒီ ဒန့်သလွန်ရွက်အဆီအနှစ် Extract သူတို့ လာလျှောက်ပါတယ်။ လျှောက်တဲ့အခါမှာ တစ်ခုပဲရှိပါတယ်။ သူတို့အနေနဲ့က သူတို့ဝယ်တဲ့ နိုင်ငံခြားက ကုမ္ပဏီက Certificate of Analysis ကိုပေးရပါတယ်။ အဲဒါကို ကျွန်တော်တို့က သင့်လျော်တဲ့ ဒီ Chromatography နဲ့ သေချာစစ်တယ်။ စစ်လို့ အဆီစစ်တယ်၊ မှန်တယ်။ ခုနပြောတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတဲ့အတိုင်း ဒီ Synthetic မဟုတ်ဘူးဆိုလို့ရှိရင် ကျွန်တော်တို့ ပေးပါတယ်။ ဒီမှာ ကျွန်တော်တို့ ဆိုလိုတာကတော့ တိုင်းရင်းဆေးပညာဦးစီးဌာနက လုပ်ငန်းလုပ်တိုင်း Scientific လိုပါတယ်။ သိပ္ပံနည်းကျ ကျွန်တော်တို့ အကုန်လုပ်ပါတယ်။ ဒီအပေါ်ယံ မလုပ်ပါဘူး။ အသေးစိတ် ကျွန်တော်တို့လုပ်ပါတယ်။ အားလုံး။ ဒီကုန်ကြမ်းဆိုလို့ရှိရင်လည်း သေချာစစ်ပါတယ်။ သူတို့ လျှောက်လွှာ Form ရှိတယ်။ ကုန်ကြမ်းမှာဆိုရင် ကျွန်တော်တို့က ကုန်ကြမ်းမှာပါတဲ့ Oxalate Crystal Type မှအစ အကုန်သေချာလုပ်ပါတယ်။ အသေးစိတ် ဒီမှာရှိပါတယ်။

ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဒီတိုင်းရင်းဆေးတွေမှာ ဌာနသုံးတိုင်းရင်းဆေးများနဲ့ ကုန်ကြမ်း အားလုံး (၅၇)ဖုံ ရှိပါတယ်။ ကျွန်တော်တို့ အဲဒီမှာ တစ်ခုချင်းရဲ့ ဒီ တစ်ဖုံရဲ့ ဘယ်လောက်ဆေးက အရောင်၊ အနံ့၊ အရသာ ဘာတွေရှိရမလဲ၊ ဒေသနာ ဘယ်ဟာမှာ ပေးရမလဲ၊ ဘယ်ဟာမပေးရဘူးလဲ၊ ဆေးတစ်ခွက်စာပမာဏ၊ တစ်နေ့ကို ဘယ်နှစ်ကြိမ် သောက်ရမယ်၊ နောက်ဆက်တွဲ ဆိုးကျိုး၊ အကုန်အသေးစိတ် (၅၇)မျိုးမှာ (၄၈)မျိုးပါပါတယ်။ ဒါတွေ အသေးစိတ် ထုတ်ထားပါတယ်။ ထို့အပြင် ကျွန်တော်တို့ ဒီနားက ခုန Standard တွေမှာ ဆိုလို့ရှိရင်လည်း Quality Control Method for Herbal Materials အသေးစိတ် ကျွန်တော်တို့လုပ်ပါတယ်။ ဒါတွေက ကျွန်တော်တို့ ဆေးသုတေသန

ဦးစီးဌာနက နေပြီးတော့ ကူညီပြီးလုပ်ပေးပါတယ်။ Scientifically အကုန်စမ်းပါတယ်။ ဒါတွေက နောက်တစ် ချက်ကလည်း ကျွန်တော်တို့အနေနဲ့ ဒီမြန်မာ့တိုင်းရင်းဆေးမှာဆိုရင် Myanmar Herbal Pharmacopoeia Volume I ထွက်ပါပြီ။ ဒါ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ အခြားနိုင်ငံတွေနဲ့ ပေါင်းပြီးတော့ တစ်ခုချင်း၊ တစ်ခုချင်း ဒီအပင် တစ်ပင်ချင်း၊ တစ်ပင်ချင်းမှာ သူရဲ့ Character, Identification, Analysis အကုန် အသေးစိတ် Microscope အကုန်လုံး ပါ ပါတယ်။ ဆိုလိုတာက ကျွန်တော်တို့ တိုင်းရင်းဆေးပညာ ဦးစီးဌာနအနေနဲ့ကတော့ အဖြစ်နိုင်ဆုံး၊ အကောင်းဆုံး ကျွန်တော်တို့ လုပ်ပေးနေပါတယ်။

သို့သော်လည်း ကျွန်တော် ပြန်ကြည့်တဲ့အခါမှာ ဒါထက်ပိုပြီးတော့ ကောင်းမယ်ဆိုလို့ရှိရင် ကျွန်တော်တို့က ဘာလုပ်လဲဆိုတော့ ကျွန်တော်တို့အနေနဲ့က ဒီ ကျွန်တော် ပြီးခဲ့တဲ့ ဇွန်လ ၆ ရက်နေ့ က ကျွန်တော် Technical Advisory Group (TAG)၊ Traditional Medicine ရဲ့ Technical Advisory ကို ဇွန် ၆ ရက်နေ့က ကျွန်တော် ဖွဲ့လိုက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်အနေနဲ့ တိုင်းရင်းဆေးပညာသည် ကျွန်တော်တို့ Western Medicine နဲ့မတူပါဘူး။ တိုင်းရင်းဆေးပညာကို လုပ်ဆောင်မယ့် ညွှန်ကြားရေးမှူးချုပ် တစ်ယောက်သည် တိုင်းရင်းဆေးသမားတော်ကြီးများ၏ Suggestion Idea Advice တွေ ယူဖို့လိုတဲ့အတွက် ဒီမှာ (၁၅)ဦး ပါဝင်ပါတယ်။ ဥက္ကဋ္ဌအနေနဲ့ကတော့ ဒေါက်တာအောင်နိုင် ပါ။ ဒေါက်တာအောင်နိုင် ဆိုတာ အရင်တုန်းက တိုင်းရင်းဆေးဦးစီးဌာနမှာ ညွှန်ကြားရေးမှူးအဆင့်အထိ လုပ်တဲ့အပြင် သူက M.B.B.S ပါ။ သို့သော်လည်း တိုင်းရင်းဆေးလက်မှတ်များ အများကြီး ရထားတဲ့ တိုင်းရင်းဆေးကို နားလည်တဲ့ဆရာဝန် ဖြစ်ပါတယ်။ ပါဝင်တဲ့လူတွေကလည်း မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းက ဗဟိုကလူတွေ ပါ ပါတယ်။ တိုင်းရင်းဆေးကောင်စီက ပါ ပါတယ်။ တိုင်းရင်းဆေးတက္ကသိုလ်က အငြိမ်းစား ပါမောက္ခကြီးတွေ အကုန် ပါ ပါတယ်။ ဆိုလိုတာက ဒီ (၁၅)ယောက်မှာပါတဲ့ လူတွေအားလုံးသည် တိုင်းရင်းဆေးကို ကောင်းမွန်စွာသိသော ဒီပုဂ္ဂိုလ်ကြီးများ ဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့က ဒါကို တော်တော်လည်း အားရပါတယ်။ ဒီအဖွဲ့က လုပ်မယ်ဆိုလို့ ရှိရင် ကျွန်တော်တို့ အများကြီး အောင်မြင်မယ်လို့ ထင်ပါတယ်။ ဆိုလိုတာက တိုင်းရင်းဆေးကဏ္ဍကြီး တစ်ခုလုံးကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ သုတေသန ဘာတွေလုပ်ရမလဲ၊ ကျွန်တော်တို့ တိုင်းရင်းဆေးတွေမှာ ဘာတွေ သင်ရမလဲ၊ မှတ်ပုံတင်ခြင်း၊ ထုတ်လုပ်ခြင်း စတဲ့ လုပ်ငန်းတွေကို ယခုထက် ပိုမိုလျင်မြန်အောင် ကျွန်တော်တို့က အရည်အသွေးကိစ္စ အကုန်ပါ ပါတယ်။

ကျွန်တော့်အနေနဲ့ ဒီအဖွဲ့ကြီးဖွဲ့ပြီးတော့ ဒီအဖွဲ့အစည်းအဝေးက လာမယ့် တနင်္ဂနွေနေ့မှာ ရန်ကုန်မှာ စထိုင်ပါမယ်။ ဒီအဖွဲ့နဲ့လည်း ကျွန်တော် တွေ့မှာပါ။ လာမယ့် တနင်္ဂနွေမှာ။ ဒီအဖွဲ့က ထွက်လာရင် ခုန အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတဲ့အတိုင်း ဒီ ကျွန်တော်တို့ Guideline တွေ ထွက်လာမယ်။ ခုန ပညာပေးတဲ့ Guideline လေးတွေ ထွက်လာမယ်။ Standard Operating Procedure တွေ အကုန်ထွက်လာမှာပါ။ အဲဒါဆိုရင် တိုင်းရင်းဆေးလောကကြီးတစ်ခုလုံးက ယခုထက် ပိုမိုပြီးတော့ ကျွန်တော်တို့က ပိုမိုပြီးတော့ Scientific ဖြစ်ဖို့လို ပါတယ်။ အဲဒါ ဒါတွေအကုန် ကျွန်တော်တို့ မကြာခင်အတွင်းမှာတော့ ထွက်လာဖို့ ရှိပါတယ်။ နောက်တစ်ချက်က တိုင်းရင်းဆေးဝါးဥပဒေနှင့် ပတ်သက်ပြီးလည်း တင်ပြချင်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး သိတဲ့အတိုင်းပဲ ဒီဥပဒေက ၁၉၉၆ က ထုတ်တဲ့ ဥပဒေ ဖြစ်ပါတယ်။ အဲဒီတော့ ဤဥပဒေနှင့်ပတ်သက်ပြီး ပြင်ဖို့လည်း ရှေ့နေချုပ်ရုံးကို တင်ထားတာ အပြန်ပြန်အလှန်လှန် ချလိုက်၊ ပြင်လိုက်၊ ချလိုက်၊ ပြင်လိုက် နောက်ဆုံး ပြီးတော့မှာပါ။ ဒီ ပြီးတော့မှာ ဆိုရင် ဒီမှာ ကျွန်တော်က ဘာတွေထပ်ထည့်လဲဆိုတော့ ဒီမှာပါဝင်တဲ့ ဒဏ်ကြေးငွေကလည်း အလွန် နည်းပါတယ်။ ဒဏ်ကြေးငွေနည်းတော့ ဘယ်သူမှ မကြောက်ပါဘူး။ ဒဏ်ကြေးငွေတွေလည်း ပိုမယ်။ နောက်ပြီး ပြည်ပက တင်သွင်းတဲ့ ကုန်ကြမ်းတွေကို ဘယ်လိုလုပ်မလဲ၊ ပြည်တွင်းမှာရှိတဲ့ ကုန်ကြမ်းတွေကို ဘယ်လိုလုပ်မလဲ၊ မလုပ်ရင် ဘာလုပ်မလဲဆိုတာ အကုန်လုံးပါတဲ့အတွက် ဒါကြီးဖျက်ပြီးတော့ ပြင်ဆင်တဲ့ ဥပဒေ ထွက်လာလို့ရှိရင်တော့ တိုင်းရင်းဆေးလောကမှာ ပိုပြီးတော့ ပိုပြင်ဖို့ ကျွန်တော် မြင်ပါတယ်။ နည်းနည်းများတဲ့အခါကျတော့ ကျန်သွားမှာ စိုးလို့ပါ။

ဒါကြောင့် ကျွန်တော်တို့ ဈေးကွက်တွင် ရောင်းချနေသော ကုန်ကြမ်းများနဲ့ အနည်းငယ်ကိုသာ တိုင်းရင်းဆေးပညာဦးစီးဌာနသို့ ပရဆေးကုန်ကြမ်း စစ်မှန်မှုထောက်ခံချက်များ တောင်းပါတယ်။ ရောင်းတဲ့သူတွေက ဘယ်တော့မှ မတောင်းပါဘူး။ သူတို့ရောင်းတဲ့ပစ္စည်းသည် စစ်လား မစစ်လား ကျွန်တော်တို့ဆီ မလာပါဘူး။ ဘယ်သူတွေကပဲ လာလဲဆိုရင် ကျွန်တော်က ဆေးထုတ်လုပ်တဲ့သူဆိုရင် ကျွန်တော် သွားဝယ်ရင် အဲဒီဆိုင်ကဟာကို ယူပြီးတော့ တိုင်းရင်းဆေးဦးစီးဌာနကို တင်ပြပြီးတော့ စစ်မစစ် ကျွန်တော် စစ်ခိုင်းပါတယ်။ အဲဒါ ကျွန်တော်တို့အနေနဲ့လည်း သွားပြီးတော့ ရောင်းတဲ့လူတွေကို လိုက်စစ်မယ်ဆိုရင်လည်း မဖြစ်နိုင်ပါဘူး။ အလွန်များတဲ့ ကုန်ကြမ်းတွေကို ဘယ်လိုမှ ကျွန်တော်တို့ မစစ်နိုင်ပါဘူး။ အဲဒီထဲက အသုံးပြုမယ့် ကုန်ကြမ်းလောက်ကိုသာ ကျွန်တော်တို့ ပေးရင် ကျွန်တော်တို့ လာစစ်ပါတယ်၊ စစ်လို့ရှိရင်တော့ (၁)ပတ်က (၃)ပတ်ကြာပါတယ်။

အဲဒီတော့ ပရဆေးကုန်ကြမ်းရောင်းချသူ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရန် ကုန်ကြမ်းဝယ်သူ များအနေဖြင့် မိမိတို့ ရောင်းချဝယ်ယူမည့်ပစ္စည်းကိုတော့ သေသေချာချာ ကျွန်တော်တို့နှင့် တိုင်ပင် ပြီးတော့ ခုနက Certificate တွေရပြီးမှ ဒါဝယ်ပြီးမှ ထုတ်မှသာလျှင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ပြောတဲ့အတိုင်း ကျွန်တော်တို့က Quality Traditional Medicine ကိုရမှာပါ။ မဟုတ်လို့ရှိရင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတဲ့အတိုင်း အရောအနှောများ ပါဝင်မယ်၊ ဓာတုပစ္စည်းများနဲ့ အစားထိုးတာတွေ ပါဝင်မယ်၊ မှိုတွေ အများကြီးပါဝင်မယ်၊ အခြားအဆိပ်တွေလည်း အများကြီးပါမယ့်အတွက် ဆေးမဖြစ်ဘဲ ဘေးဖြစ်သွားနိုင်ပါတယ်။ တိုင်းရင်းဆေးက။ ကျွန်တော်တို့ အနေနဲ့ ပြန်ပြီးသုံးသပ်လိုက်တဲ့အခါမှာ ၂၀၁၁ ခုနှစ်ကနေ ၂၀၁၇ ခုနှစ်အထိ (၆)နှစ်အတွင်းမှာ တိုင်းရင်းဆေးပညာဦးစီးဌာနသို့ ပရဆေးကုန်ကြမ်းစစ်မှန်ကြောင်း ထောက်ခံချက်တောင်းတဲ့ ကုန်ကြမ်း အမျိုးအစားကတော့ (၉၃)မျိုးပဲ ရှိပါတယ်။ Extract ကတော့ (၂၉)မျိုး စုစုပေါင်း(၁၂၂)မျိုးပဲ လာပေး ပါတယ်။ အလွန့်အလွန် နည်းပါတယ်။ (၆)နှစ်အတွင်းမှာ။ ၂၀၁၆-၂၀၁၇ ခုနှစ်မှာတော့ နည်းနည်းလေး များလာပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာတော့ ကုန်ကြမ်းအမျိုးအစား (၇၆)မျိုးအနက် Extract အမျိုးအစား(၁၅)မျိုး စုစုပေါင်း(၉၁)မျိုး လာရောက်ပြီးတော့ လျှောက်ထားပါတယ်။ ဒါ အလွန် ကောင်းတဲ့ လက္ခဏာပါ။ ဆိုလိုတာက ရောင်းချသူများအားလုံးသည် သူတို့ရဲ့ ဆေးစစ်မှန်မှု၊ ကုန်ကြမ်း စစ်မှန်မှုကို မြင်လာတဲ့အတွက် ဒီလိုလာပြီးတော့ ကျွန်တော်တို့ကို လျှောက်ခြင်းဖြစ်ပါတယ်။

နောက် Extract ဆေးအဆီနဲ့ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတဲ့အတိုင်းပဲ Extract ဆေးအဆီအနှစ်များကို လျှောက်ထားရာမှာတော့ ကျွန်တော်တို့ နိုင်ငံခြား ဝယ်တဲ့ကုမ္ပဏီက ဓာတ်ခွဲစစ်ဆေးတွေ့ရှိချက် Certificate of Analysis နဲ့အတူ တင်ပြပါတယ်။ ဒီအတိုင်း ကျွန်တော် မစစ်ပါဘူး။ ဝယ်တဲ့ ကုမ္ပဏီက တင်ပြပါတယ်။ ဒီ Extract ထောက်ခံချက်ကို ဓာတ်ခွဲစစ်ဆေးပြီးရင် ကျွန်တော် တစ်ခါတည်း မြန်မာအမည်နဲ့တူတဲ့ Scientific Name၊ Common Name (English Name) နှစ်ခုစလုံးပေးပါတယ်။ Scientific Name ပဲ ပေးလို့ရှိရင် ကျွန်တော်တို့ လူတွေက မသိပါဘူး။ အဲဒီတော့ Common Name ကိုလည်း ကျွန်တော်တို့ တစ်ခါတည်း တွဲပေး ပါတယ်။ အဲဒီတော့ တိုင်းရင်းဆေးပညာဦးစီးဌာနအနေနဲ့ကတော့ ပရဆေးကုန်ကြမ်းများ Standardized ပြုလုပ်ပြီးတော့ Botanical Name အပါအဝင် စနစ်တကျပြုလုပ်ဖို့ ဆောင်ရွက်လျက် ရှိပါတယ်။

ဒီ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ပြောသကဲ့သို့ မိရိုးဖလာ သိရှိသည့် ဗဟုသုတ များအား အတတ်ပညာပိုင်းဆိုင်ရာ သိပ္ပံသဘောတရားများရရှိစေရန် ဆေးအစစ်အမှန်များနှင့် နိုင်ငံ တကာအဆင့်မီ ထားသိုရောင်းချနိုင်ရန်တို့ကိုတော့ တိကျသောလမ်းညွှန်ချက် (Guideline) များ ထုတ်နိုင်မှသာလျှင် မိမိတို့အနေနဲ့ ရမယ်။ ဒီ Guideline ကိုလည်း ခုနက Technical Advisory Group for Traditional Medicine က ရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ နောက်ပိုင်းမှာတော့ အများကြီးကောင်းလာဖို့ အလားအလာရှိပါတယ်။ ကျွန်တော့်အနေနဲ့တော့ ဒီလောက်ပဲ ဖြေချင်ပါတယ်။ ဒီဟာကြီး ဒီ Technical Advisory Group ထွက်ပေါ်လာရင် ကျွန်တော့်အနေနဲ့ တိုင်းရင်းဆေးက ယခုထက် ပိုမိုပီပြင်ပြီးတော့ စိတ်ချရသော ပရဆေးတိုင်းရင်းဆေးများ ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားရင်းနဲ့ ဒီမေးခွန်းကို ဒီလောက်ပဲ ဖြေခွင့်ပေးပါခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး အမှတ်(၁၂)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်သိန်း ၏ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားမှာပါ။ မေးခွန်းမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အရ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်၊ ဓမ္မသော် တိုက်နယ်ဆေးရုံ စံကိုက်ဆောက်လုပ်ရန် ဘတ်ဂျက်ငွေ ချထားပေးသော်လည်း အခြား နတ်တလင်း မြို့နယ်၊ တာပွန်မြို့၊ တိုက်နယ်ဆေးရုံသစ်ကို နေရာပြောင်းတည်ဆောက်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်တစ်ဦးက ကန်ထရိုက်ကုမ္ပဏီသို့ ညွှန်ကြားခဲ့သည့်အတွက် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျက် ရှိနေစဉ်မှာပင် ရပ်ဆိုင်းထားရန် တားမြစ်ခဲ့ပြန်သဖြင့် ယင်းသို့ ခွင့်ပြုချက်ပေးထားသည့် နေရာဒေသမှ လွဲ၍ အခြားနေရာဒေသသို့ ပြောင်းရွှေ့ဆောက်ရွက်ခွင့် ရှိ/မရှိကို သိရှိလိုခြင်းနှင့် ပတ်သက်၍ နောက်နောင် ယင်းကဲ့သို့ မူဘောင်ကျော်၍ လုပ်ဆောင်ထားမှုတို့အပေါ် မည်ကဲ့သို့ စီမံထိန်းကျောင်း ကြပ်မတ်သွားရန်နှင့် ပတ်သက်၍ ဖြေကြားမယ် ဖြစ်ပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနအနေနဲ့ကတော့ ကျွန်တော်တို့ ပထမဆုံး နည်းနည်းလေး ဒါကို ရှင်းပြချင်ပါတယ်။ ရန်ပုံငွေရရှိရေးအတွက် အဆိုပြုရာမှာ ကျွန်တော်တို့ ပထမ(၃)ချက်လုပ်ပါတယ်။ တစ်ချက်က လွှတ်တော်မှာ ကတိကဝတ်တွေ၊ နိုင်ငံတော်အကြီးအကဲများရဲ့ လမ်းညွှန်ချက်တွေ၊ ကျွန်တော်တို့ ဦးစီးဌာနရဲ့ နှစ်ရှည်၊ နှစ်တိုစီမံကိန်းများကို အခြေခံပြီးတော့ ဦးစား

ပေးအလိုက်ပြုစုပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ငွေလုံးငွေရင်းစိစစ်ရေးအဖွဲ့သို့ တည်ဆောက်ရေးလုပ်ငန်းအသေးစိတ်ကို စိစစ်ခံယူပါတယ်။ ပြီးလို့ရှိရင် ဆောက်လုပ်ရေးဝန်ကြီးဌာနက ပထမအဆင့်အဖြစ် ရန်ပုံငွေကို အတည်ပြုပေးပါတယ်။ အဲဒါပြီးရင် စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှလည်း စီမံကိန်းဆိုင်ရာ အချက်အလက်များနဲ့ စိစစ်မှု ပြန်လုပ်ပါတယ်။ အဆိုပါ အတည်ပြုချက်များအတိုင်း ပြန်လည်ပြုစုပြင်ဆင်တယ်။ ပြီးရင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိစစ်အတည်ပြုပြီး ဘဏ္ဍာရေးကော်မတီကို တင်ပြပါတယ်။ ဘဏ္ဍာရေးကော်မတီမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပါတယ်။ ပြည်ထောင်စုလွှတ်တော်မှ ပြည်ထောင်စု၏ ဘဏ္ဍာအရအသုံးဆိုင်ရာ ဥပဒေအရ အတည်ပြုပြဋ္ဌာန်းပေးပြီး ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေ ငွေစာရင်းမှာ ငွေလုံးငွေရင်းစရိတ်အဖြစ် ဘတ်ဂျက်ခေါင်းစဉ် တစ်ခုချင်းအလိုက် ကျွန်တော်တို့ လုပ်ပါတယ်။

ဒီနေရာမှာ ခွင့်ပြုသည့်နေရာမှလွဲ၍ အခြားနေရာတစ်ခုသို့ ပြောင်းရွှေ့ဆောက်ရွက်မည်ဆိုလျှင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် သတ်မှတ်သောကာလအတွင်း လုပ်ထုံးလုပ်နည်းနှင့်အညီ ရန်ပုံငွေခေါင်းစဉ်ပြောင်းလဲ ဆောင်ရွက်ခွင့်ပြုရန် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနသို့ အကျိုးအကြောင်းဖော်ပြ၍ ကျွန်တော်တို့က ညှိနှိုင်းရပါတယ်။ ကျွန်တော်တို့က၊ အဆိုပါဌာနများက သဘောတူညီချက်ရမှသာလျှင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးခန့်မှန်းခြေငွေစာရင်းဦးစီးဌာနသို့ ဆက်လက်တင်ပြပြီး ကန့်ကွက်ဖို့မရှိဘူးဆိုရင်တော့ ကျွန်တော်တို့ ဘတ်ဂျက်ပြောင်းသုံးပါတယ်။

ဒီကိစ္စမှာ ထိုကဲ့သို့ လုပ်ထုံးလုပ်နည်းနှင့်အညီ နေရာပြောင်းလဲဆောင်ရွက်ရန် ကျွန်တော်တို့ ခွင့်ပြုမိန့် တင်ပြညှိနှိုင်းဆောင်ရွက်ခြင်း မရှိပါဘူး။ ဒါကြောင့် ဓမ္မသော်တိုက်နယ်ဆေးရုံ တည်ဆောက်ခြင်းလုပ်ငန်းမှာ မူလဘတ်ဂျက်ခေါင်းစဉ်မှာ ပါရှိတဲ့အတိုင်း ကျွန်တော်တို့ ပေါက်ခေါင်းမြို့နယ်၊ ဓမ္မသော်ကျေးရွာတွင်သာ ဆောက်လုပ်လျက်ရှိပါတယ်။ ယခုအခါ မြေရှင်းလင်းပြီး Foundation လုပ်ငန်းများလည်း စတင်ဆောင်ရွက်ပြီးတော့ ၂၀-၆-၂၀၁၇ ရက်နေ့တွင် လုပ်ငန်းတစ်ခုလုံး၏ (၅၀)ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ဆိုလိုတာက ကျွန်တော်တို့မပြောင်းပါဘူး။ မူလနေရာမှာပဲ ဆောက်တယ်ဆိုတာကို တင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။--- ပန္နက်တွေရိုက်တယ်၊ ကျောက်ခဲတွေ ပုံတယ် ပြုတယ် ဆိုပြီးတော့ မြို့လူထုက ဒီနတ်တလင်းမြို့နယ် တာပွန်ဆေးရုံ ဆောက်လုပ်ဖို့အတွက် အစီအစဉ်တွေ ချနေပြီဆိုပြီးတော့ မြို့လူထုက အဲဒီလို တစ်ခဲနက် မြင်ပါတယ်။ အဲဒီလို ဟိုဘက်မှာ ချထားပေးတဲ့ ဘတ်ဂျက်ကို ဒီဘက်ဘတ်ဂျက်အထိ ရောက်လာတဲ့အနေအထားမျိုးဖြစ်တဲ့ကိစ္စကို ကျွန်တော် ဆက်လက်ရှင်းလင်း မေးမြန်းလိုခြင်း ဖြစ်ပါတယ်။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။ ကျွန်တော်တို့မှာ ပေးပိုင်ခွင့်လည်း မရှိပါဘူး။ ပေးလို့လည်း မရပါဘူး။ ခုနကပြောတဲ့ တာပွန်မြို့နယ် တိုက်နယ်ဆေးရုံမှာ ပုံတယ်ဆိုတာကတော့ ဒီဆေးရုံက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာပါလို့ ဖြစ်နိုင်ပါတယ်။

ကျွန်တော် မပေးပါဘူးခင်ဗျား။ ကျွန်တော်ပေးဖို့လည်း ကျွန်တော့်မှာ အခွင့်အာဏာ လုံးဝမရှိပါဘူး။ မည်သည့် ဝန်ကြီးဌာနမှာမဆို အခွင့်အာဏာ မရှိပါဘူးခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နည်းနည်းလေး ပြန်ပြီးတော့ Verify လုပ်ကြည့်ပေးပါ။ တကယ်ပဲ ပြောင်းသလား။ ကျွန်တော် သိသလောက်တော့ မပြောင်းပါဘူး။ (၅၀)ရာခိုင်နှုန်းလည်း ပြီးနေပါပြီ။ ကျွန်တော်တို့ အဲဒါ တိုင်းဦးစီးမှူးနဲ့ ညှိပြီးတော့မှ ဖြေခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒေါက်တာစန်းမောင်မောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ရေးဆွဲပြဋ္ဌာန်းပြီးသော်လည်း ပြည်သူများ လိုက်နာကျင့်သုံးမှုနှင့် အာဏာပိုင်များဘက်မှ ကြီးကြပ်အရေးယူမှု မရှိသလောက် အားနည်းနေခြင်း အပေါ် ပြည်ထောင်စုအစိုးရမှ ကိုင်တွယ်ဖြေရှင်းပေးပါရန် တိုက်တွန်းကြောင်း အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆက်လက် ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစန်းမောင်မောင် အဆိုတင်သွင်းထားတဲ့ မြန်မာ နိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ရေးဆွဲပြဋ္ဌာန်း ပြီးသော်လည်း ပြည်သူများ လိုက်နာကျင့်သုံးမှုနှင့် အာဏာပိုင်များဘက်မှ ကြီးကြပ်အရေးယူမှု မရှိသ လောက် အားနည်းနေခြင်းအပေါ် ပြည်ထောင်စုအစိုးရမှ ကိုင်တွယ်ဖြေရှင်းပေးပါရန် တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၈။**

**နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ အားလုံးမင်္ဂလာပါ။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်လှလှစိုး ဖြစ်ပါတယ်။ ဒေါက်တာ စန်းမောင်မောင် ရဲ့ အဆိုထဲကနေပြီးတော့ ကွမ်းယာစားသုံးမှုအကြောင်းကို ကျွန်မ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျွန်မ PowerPiont သုံးစွဲခွင့်ပြုပါရှင်။ ဒါ ကွမ်းယာစားသုံးမှုဟာဆိုရင် လွန်ခဲ့တဲ့နှစ် (၂၀၀၀)ကနေ စတင်တဲ့အလေ့အထ ဖြစ်ပါတယ်။ တောင်အာရှနဲ့ အရှေ့တောင်အာရှမှာ စားသုံးသူ အများဆုံး တွေ့ရတယ်။ ကမ္ဘာပေါ်မှာ ဆေးလိပ်၊ အရက်၊ ကဖိန်း ပြီးလို့ရှိရင် စတုတ္ထအများဆုံး စွဲလမ်းမှု ဖြစ်တယ်။ ကမ္ဘာပေါ်မှာရှိတဲ့ လူဦးရေ သန်း(၆၀၀)ဟာ ဆိုလို့ရှိရင် ဒီဆေးရွက်ကြီးပါတဲ့ကွမ်းယာကို စွဲလမ်းတဲ့သူတွေ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာဆိုရင် ဆေးရွက်ကြီးပါတဲ့ ကွမ်းစားနှုန်းဟာ (၁၅)နှစ် အထက် လူကြီးတွေမှာ အမျိုးသား(၅၁)ရာခိုင်နှုန်း၊ အမျိုးသမီး(၁၆)ရာခိုင်နှုန်း ရှိတယ်ဆိုတာကို တွေ့ရ ပါတယ်။ ကွမ်းစားသုံးမှုမှာလည်း မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာ အများဆုံးဖြစ်ပြီးတော့ ဒုတိယ

လိုက်တာ အိန္ဒိယ၊ တတိယ နီပေါ၊ စတုတ္ထ ဘင်္ဂလားဒေ့ရှ်၊ ပဉ္စမ သီရိလင်္ကာနှင့် ဆဋ္ဌမ ဆိုလို့ရှိရင် ထိုင်းနိုင်ငံတို့ ဖြစ်ပါတယ်။

ဆိုးကျိုးများကို ဆက်လက်ပြီးတော့ တင်ပြသွားမှာ ဖြစ်ပါတယ်။ ကွမ်းယာကို နေ့စဉ် သုံးစွဲလို့ရှိရင် ကျန်းမာရေးကို ထိခိုက်နိုင်ပါတယ်။ ပါးစပ်၊ လျှာ၊ ပါးစောင်ကင်ဆာ၊ သွေးတိုး၊ နှလုံးရောဂါ၊ ခံတွင်းပျက်ခြင်း စတဲ့ရောဂါတွေအပြင်ကို အမျိုးသမီးတွေမှာ ဆိုလို့ရှိရင် မွေးကင်းစကလေးတွေရဲ့ အလေးချိန်လျော့တာ၊ ရင်သားကင်ဆာ ဖြစ်တယ်ဆိုတာကိုလည်း သုတေသနစာတမ်းများအရ သိရပါတယ်။ ဒီကွမ်းယာစားခြင်းအားဖြင့် စီးပွားရေးထိခိုက်တာကတော့ ဒါ ဝယ်စားတဲ့အတွက်ကြောင့် ငွေကြေးကုန်ကျမှုရှိမယ်။ နောက်ပြီးတော့ ပိုပြီးတော့ ပြောဆိုချင်တာကတော့ ကွမ်းယာဆေးပေါင်းအဲဒါကတော့ အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကနေပြီးတော့ မှောင်ခိုဝင်တဲ့အတွက်ကြောင့် နိုင်ငံတော်ရဲ့ အခွန် ဆုံးရှုံးမှုများလည်း ဖြစ်လာပါတယ်။ ဒီလို နာမကျန်းတဲ့အတွက်ကြောင့် ဆေးကုသစရိတ်တွေ ကုန်ကျတဲ့ အတွက်ကြောင့်လည်း မိသားစုအပြင် နိုင်ငံတော်နဲ့ချီပြီးတော့ စီးပွားရေးထိခိုက်တာတွေကို ဖြစ်စေနိုင်ပါတယ်။ လူမှုရေးအရ ထိခိုက်တာတွေကတော့ ကွမ်းယာ၊ ဆေးပေါင်းတွေမှာ ပြင်းထန်တဲ့ ဆေးတွေ၊ ကာမစိတ်နိုးကြားစေတဲ့ဆေးတွေ ပါဝင်နိုင်တဲ့အတွက်ကြောင့် လူမှုရေးပြဿနာတွေ၊ ပြစ်မှုကျူးလွန်တဲ့ အထိကို ဖြစ်ပေါ်စေနိုင်ပါတယ်။ နိုင်ငံ့ပုံရိပ်ထိခိုက်တာတွေ၊ လူ့စွမ်းအားအရင်းအမြစ်တွေ ဆုံးရှုံးတာ၊ နိုင်ငံ့အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေတာကိုလည်း ဖြစ်စေနိုင်ပါတယ်။ ဒါ ဆိုးကျိုးတွေ ဖြစ်ပါတယ်။

အရေးယူမှုကတော့ စင်ကာပူမှာ ကွမ်းတံတွေးထွေးခြင်း ပြုလုပ်ပါက ငွေဒဏ်ချမှတ်ပါတယ်။ ပထမအကြိမ် ကွမ်းတံတွေးထွေးတာကို တွေ့လို့ရှိရင် စင်ကာပူဒေါ်လာ(၁၀၀၀)၊ ဒုတိယအကြိမ်(၂၀၀၀)၊ တတိယအကြိမ်(၅၀၀၀)နဲ့ လူမှုရေးအလုပ်ကို (၁၂)နာရီ ပေးဆပ်ရပါတယ်။ ထိုင်ဝမ်မှာ ကွမ်းမစားရနေ့ သတ်မှတ်ပါတယ်။ ကွမ်းတံတွေးထွေးခြင်း ပြုလုပ်ပါက ပညာပေးသင်တန်းတွေကို တက်ရောက်ရပါတယ်။ ပါပူဝါနယူးဂီနီမှာ ငွေဒဏ်ဒေါ်လာ(၁၀၀)နဲ့ လူမှုရေးအလုပ်(၂)နာရီ လုပ်ရပါတယ်။ အမေရိကန်နိုင်ငံမှာ အန္တရာယ်ရှိတဲ့အစားအစာအဖြစ် သတ်မှတ်ပြီးတော့ အရေးယူမှုများ ပြုလုပ်ပါတယ်။ ၂၀၁၂ ခုနှစ်ကနေ စတင်ပြီးတော့ တစ်ကမ္ဘာလုံးမှာ WHO က ကွမ်းမစားရေး အစီအစဉ်များ ချမှတ်ပြီးတော့ မူဝါဒ စည်းရုံးလှုံ့ဆော်မှုတွေ၊ လူထုပညာပေး အစီအစဉ်တွေကို ပြုလုပ်ပါတယ်။

မြန်မာနိုင်ငံမှာဆိုလို့ရှိရင် ကျောင်းများ၊ တက္ကသိုလ်ပရိဝုဏ်အတွင်းနှင့် ပေ(၁၀၀)အတွင်းမှာဆိုလို့ရှိရင် ဆေးလိပ်၊ ကွမ်းယာဆိုင်တွေ လုံးဝမရှိစေရန် တားမြစ်ချက်တွေ၊ ညွှန်ကြားချက်တွေ၊ ဥပဒေတွေမှာ ပါဝင်ပါတယ်။ ဒါ အန္တရာယ်ရှိတဲ့ ဆေးပေါင်းတွေ ဖြစ်ပါတယ်။ နေရာတကာမှာ တွေ့နိုင်ပါတယ်။ ဒါကတော့ ကွမ်းစားတဲ့အတွက်ကြောင့် ဖြစ်ပွားစေနိုင်တဲ့ ခံတွင်းကင်ဆာဖြစ်ပါတယ်။ ဒါကတော့ ကွမ်းတံတွေးထွေးခြင်းအားဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းစေမှုအပြင် ပိုပြီးတော့ဆိုးတာကတော့ ရောဂါကူးစက်မှုတွေ၊ ဘီပိုး၊ တီဘီ စတဲ့ ရောဂါပိုးကူးစက်မှုတွေ ဖြစ်ပါတယ်။ လူများတဲ့ ဘတ်စ်ကားမှတ်တိုင်တွေ၊ လမ်းညာဘက်က ဆိုလို့ရှိရင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှာ

လတ်တလောရိုက်ထားတဲ့ ဓာတ်ပုံတွေ ဖြစ်ပါတယ်။ အင်မတန်မှ တိုင်းပြည်အတွက်လည်း ပုံရိပ်ကျဆင်းပါတယ်။

အကြံပြုချက်တွေကတော့ ကျွန်မတို့ WHO နဲ့ ပူးပေါင်းပြီးတော့ ကွမ်းမစားရေး အစီအစဉ်တွေ ချမှတ်တာ မူဝါဒ စည်းရုံးလှုံ့ဆော်မှုတွေ၊ လူထုအခြေပြု ပညာပေးအစီအစဉ်တွေ ပြုလုပ်တာကို အရပ်ဘက်လူ့အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်တာ၊ ကွမ်းရွက်၊ ကွမ်းသီးနဲ့ ပါဝင်ပစ္စည်းတွေပေါ်မှာ အခွန်တိုးကောက်တာ၊ ပြည်ပမှ တရားမဝင် ဝင်ရောက်လျက်ရှိတဲ့ ကွမ်းဆက်စပ်ပစ္စည်းတွေ၊ ဆေးပေါင်းတွေကို ထိန်းချုပ်တာ၊ နောက်တစ်ခုက ဆင်းရဲမွဲတေမှုကို လျှော့ချတာ ပေါ့နော်၊ ဒါကတော့ ကျွန်မတို့နိုင်ငံမှာတော့ မလုပ်ရသေးပါဘူး။ ဘင်္ဂလားဒေ့ရှ်မှာ ပြုလုပ်တဲ့ ဒီ စစ်တမ်းများအရဆိုလို့ရှိရင် ဆင်းရဲမွဲတေတဲ့ဟာနဲ့ ဒီ ကွမ်းစားတာ ဆက်စပ်နေတယ်ဆိုတာ တွေ့ရှိရတယ်။ ဆင်းရဲတဲ့ လူတန်းစားတွေက ကွမ်းပိုစားတယ်ဆိုတာကို စစ်တမ်းများအရ တွေ့ရပါတယ်။ သုတေသနများပြုလုပ်၍ မူဝါဒများချမှတ်တာ၊ မြန်မာနိုင်ငံရဲ့ လက်ရှိဥပဒေတွေကို လိုက်နာကျင့်သုံးရန်နဲ့ အပြစ်ပေး အရေးယူမှုများကို ပြုလုပ်ရန်ဖြစ်ပါတယ်။

သို့ဖြစ်ပါသောကြောင့် ဒေါက်တာစန်းမောင်မောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)ရဲ့ မြန်မာနိုင်ငံမှာ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို ရေးဆွဲပြဋ္ဌာန်းပြီးသော်လည်း ပြည်သူများ လိုက်နာကျင့်သုံးမှုနှင့် အာဏာပိုင်များဘက်မှ ကြီးကြပ်အရေးယူမှု မရှိသလောက် အားနည်းနေခြင်းအပေါ် ပြည်ထောင်စုအစိုးရမှ ကိုင်တွယ်ဖြေရှင်းပေးပါရန် တိုက်တွန်းကြောင်းအဆိုကို ထောက်ခံအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

အန္တရာယ်ရှိသော ဆေးပေါင်းများ၏ မြင်ကွင်းပုံ (တ)



ခံတွင်းကင်ဆာများ မြင်ကွင်းပုံ (တ-၁)




ပတ်ဝန်းကျင် ညစ်ညမ်းစေမှု၊ ရောဂါကူးစက်ခြင်း ဖြစ်ပွားမှု၏ မြင်ကွင်းပုံ (တ-၂)



**အချိန်၊ ၁၀:၅၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာဦးကြွယ်ကြွယ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀:၅၄။**

**ဒေါက်တာဦးကြွယ်ကြွယ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊

ဧည့်သည်တော်များ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးကြွယ်ကြွယ် ဖြစ်ပါတယ်။ ပဲခူးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစန်းမောင်မောင် တင်သွင်းတဲ့ မြန်မာနိုင်ငံမှာ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေကို ရေးဆွဲပြဋ္ဌာန်းပြီးသော်လည်း ပြည်သူများ လိုက်နာကျင့်သုံးမှုနှင့် အာဏာပိုင်များဘက်မှ ကြီးကြပ်အရေးယူမှု မရှိသလောက် အားနည်းနေခြင်းအပေါ် ပြည်ထောင်စုအစိုးရမှ ကိုင်တွယ်ဖြေရှင်း ပေးပါရန် တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် (၅/၂၀၀၆)ဖြင့် ၂၀၀၆ ခုနှစ်၊ မေလ ၄ ရက်နေ့ ရက်စွဲဖြင့် ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့တာ ဖြစ်ပါတယ်။ ဥပဒေထုတ်ပြန်ပြီး တစ်နှစ်ပြည့်မြောက်သည့်နေ့မှစတင် အာဏာတည်စေရမည်ကို ပုဒ်မတပ် ပြဋ္ဌာန်းထားတာဖြစ်လို့ ဆေးလိပ်ထုတ်လုပ် ရောင်းချ ဖြန့်ဖြူးတဲ့ လုပ်ငန်းကြီးနဲ့ ဥပဒေထိန်းသိမ်းစောင့်ရှောက်ရေး Law Enforcement ဝန်ထမ်းအဖွဲ့အစည်းများ အနေဖြင့် ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ အရေးယူနိုင်ရေး၊ အာဏာသက်ရောက်ရေး အတွက် ပြင်ဆင်ချိန် တစ်နှစ်တိတိ ရရှိခဲ့ပါတယ်။ ဤဥပဒေရဲ့သက်တမ်းမှာ ၂၀၀၇ ခုနှစ်၊ မေလ ၄ ရက်မှ ၂၀၁၇ ခုနှစ်၊ မေလ ၄ ရက်နေ့အထိဆိုရင် (၁၀)နှစ်တိတိ ကြာပြီဖြစ်ပါတယ်။ ဤ(၁၀)နှစ်ကာလ အတွင်း ဤဥပဒေအရ တရားစွဲဆို အရေးယူခံရသည့်အမှုပေါင်း မည်မျှရှိပြီလဲဆိုတာ ဆန်းစစ်လေ့လာ ခြင်းဖြင့် ဤဥပဒေ၏ အာဏာသက်ရောက်မှုနှင့် အစိုးရအဆက်ဆက်၏ ဥပဒေထိန်းသိမ်းရေး အဖွဲ့အစည်းများ ကြီးကြပ်အရေးယူမှုမရှိသလောက် အားနည်းသည်မှာ ထင်ရှားလှပါတယ်ခင်ဗျား။ ဤဥပဒေ ပြဋ္ဌာန်းစဉ်ကာလက ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ၊ နိုင်ငံတော်၏အာဏာ သုံးရပ်စလုံးကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တစ်ခု တည်းက အလုံးစုံ ကိုင်တွယ်ကျင့်သုံးခဲ့တာ ဖြစ်ပါတယ်။ ယခုအခါကဲ့သို့ လွှတ်တော်က ဥပဒေပြဋ္ဌာန်း ပြီး အစိုးရအဖွဲ့က ဥပဒေအာဏာ သက်ရောက်အောင် ဆောင်ရွက်ရတာ မဟုတ်ပါဘူး။

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေ ပြုစုပြဋ္ဌာန်းသည့် အဖွဲ့အစည်းကိုယ်တိုင်က အာဏာသက်ရောက်အောင် ကြပ်မတ်ခြင်းမပြုဘဲ အချိန်ဆွဲထားခြင်းအား ဖြင့် ပြည်သူလူထု၏ ကျန်းမာရေးမှာ ထိခိုက်ခဲ့ရပါတယ်။ ဆေးလိပ်နှင့် ဆေးရွက်ကြီး ထုတ်လုပ်ဖြန့်ဖြူး ရောင်းချတဲ့လုပ်ငန်းကြီးရဲ့ ကြီးမားလှတဲ့ အကျိုးစီးပွား၊ စီးပွားရေးအကျိုးအမြတ်ကို ငဲ့ကွက်ပြီး ပြည်သူ လူထု၏ ကျန်းမာရေး အသက်စည်းစိမ်တို့ကို စတေးရာ ရောက်ခဲ့ပါတယ်ခင်ဗျား။ ဆေးလိပ်နှင့် ဆေးရွက်ကြီး သောက်သုံးခြင်းသည် လူအများကိုသေစေ ဆိုသည့်အချက်ကတော့ လုံးဝငြင်းဆိုလို့ မရသည့်အချက်ပဲ ဖြစ်ပါတယ်။ နှစ်စဉ် ကမ္ဘာပေါ်မှာ လူ(၇)သန်းလောက်ဟာ ဆေးလိပ်နှင့် ဆေးရွက် ကြီးသုံးစွဲမှုကြောင့် သေဆုံးနေပါတယ်။ ဒီအတိုင်းဆိုလျှင် သေဆုံးမှုက နှစ်စဉ် ပိုမိုတိုးတက်လာမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာတော့ ၂၀၁၇ ခုနှစ် ပြည်တွင်းသုတေသနလုပ် ကောက်ယူထားတဲ့စစ်တမ်း မရှိပါဘူး။ အမေရိကန်အဆုတ်ဖောင်ဒေးရှင်းရဲ့ အဆိုအရတော့ မြန်မာနိုင်ငံမှာ နှစ်စဉ် လူပေါင်း(၅၆၄၀၀)ဟာ ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှုကြောင့် သေဆုံးနေတယ်လို့ ဆိုပါတယ်။ ၂၀၁၀ ခုနှစ် စာရင်းအရဖြစ်ပါတယ်။ အမျိုးသားသေဆုံးမှု၏ (၁၃.၂)ရာခိုင်နှုန်းနှင့် အမျိုးသမီးသေဆုံးမှု၏ (၁၂)ရာခိုင်နှုန်းဟာ ဆေးလိပ်ကြောင့်လို့ ဆိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလို နှစ်စဉ် လူပေါင်းများစွာကို သေစေနိုင်တဲ့ ဆေးလိပ်နှင့် ဆေးရွက်ကြီး သုံးစွဲမှုကို လျှော့နည်းပပျောက်သွားအောင် တရားဥပဒေစိုးမိုးရေး တာဝန်ရှိသူများအနေဖြင့် အစွမ်းကုန် ကြိုးစားအားထုတ်ရမှာ ဖြစ်ပါတယ်။ အစိုးရအနေဖြင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များကို အစွမ်းကုန် ကာကွယ်ရန် တာဝန်ရှိတဲ့အတွက် ဥပဒေစိုးမိုးရေး ဝန်ထမ်းအဖွဲ့အစည်းများက တာဝန်ယူ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Projector အသုံးပြုခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဤပုံများကို ကြည့်ခြင်းအားဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေ၏ အာဏာသက်ရောက်မှုဟာ လျှောင်ပြောင်ပျက်ရယ်ပြုစရာ ဖြစ်နေတယ်ဆိုတာ ထင်ရှားလှပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၅ ခုနှစ်၊ ဗဟိုစာရင်းရုံး အစီရင်ခံစာအရ မြန်မာနိုင်ငံ၏ ဆေးလိပ်ထုတ်လုပ်မှုဟာ အလိပ်ရေသန်းပေါင်း(၈၀၀၆) ဖြစ်ပါတယ်။ တစ်လိပ်လျှင် ဈေးကွက်ဈေးနှုန်း ပျမ်းမျှ(၇၀)ကျပ်ဖြင့်တွက်လျှင် ငွေကျပ်ပေါင်း(၅၆၀)ဘီလီယံ ဖြစ်ပါတယ်။ ပြည်သူတို့၏ အိတ်ကပ်ထဲမှ ဤ(၅၆၀)ဘီလီယံ ဆုံးရှုံးသွားရုံမျှမက နောက်ဆက်တွဲ ကျန်းမာရေးဆေးကုသစရိတ်များကြောင့် မိသားစုစားဝတ်နေရေးကိုပါ ထိခိုက်ခံစားရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုဟာ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ စိတ်ဓာတ်ရေးအားလုံးကို ထိခိုက်ပျက်စီးစေတာ ဖြစ်ပါတယ်။


ဥက္ကဋ္ဌကြီးခင်ဗျား။ ဆေးလိပ်နှင့် ဆေးရွက်ကြီး သောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေအရ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့နှင့် ပြည်နယ်၊ တိုင်းဒေသကြီး၊ ခရိုင်မြို့နယ် အဆင့်ဆင့် ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း လုပ်ငန်းဆောင်ရွက်ခြင်း လုပ်ငန်းများကိုလည်း ကျွန်တော်တို့ တွေ့ရှိရခြင်း မရှိပါဘူးခင်ဗျား။ ဤဥပဒေအရ ပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိတဲ့ဥပဒေများ ဖြစ်တယ်လို့ ဥပဒေမှာ ပြဋ္ဌာန်းထားတဲ့အတွက် တာဝန်သိပြည်သူတစ်ဦး၏ အထောက်အထား ခိုင်လုံစွာဖြင့် တိုင်ကြားချက်ကို စောင့်ဆိုင်းစရာမလိုဘဲ အရေးယူဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ The duty of the Police is to enforce the law ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အချို့သောအမည်များအရ ဤဥပဒေကို သက်ဝင်အာဏာတည်၍ ကြီးကြပ်ရာမှ အစိုးရအတွက် အရင်းအမြစ်အကျပ်အတည်းများ ကြုံတွေ့မည်ကို စိုးရိမ်မှုများရှိပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံမှာ ဆေးလိပ် အရောင်းအဝယ်ဟာ ဈေးအလွန်သက်သာပေါများနေတဲ့အတွက် လက်ရှိ အခွန်အကောက်နှုန်းထားများထက် ပိုမိုကောက်ယူခြင်းဖြင့် နိုင်ငံ့ဘဏ္ဍာ တိုးတက်ရရှိပြီး

ဝန်ထမ်းအင်အား၊ အထောက်အကူပစ္စည်း၊ ယာဥ်၊ လက်နက်၊ အသုံးစရိတ်များ တိုးတက်ဝယ်ယူဖြည့်ဆည်းနိုင်မှာ ဖြစ်တဲ့အတွက် အဲဒီစိုးရိမ်ချက်ကို ကျွန်တော်တို့ ဖယ်ရှားနိုင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်စေခြင်းအားဖြင့်လည်းကောင်း၊ ကျန်းမာသန်စွမ်း၍ ထုတ်လုပ်နိုင်စွမ်းမြင့်မားသော နိုင်ငံသားများ တိုးတက်များပြားလာပြီး၊ နိုင်ငံ့စီးပွား တိုးတက်လာစေရန်လည်းကောင်း၊ ဥပဒေပြုအဖွဲ့အစည်းက ဥပဒေထုတ်ပြန်ပြီး တရားဥပဒေထိန်းသိမ်းရေး တာဝန်ရှိသူများက အာဏာသက်ရောက်အောင် ဆောင်ရွက်ရန် -----------


လူအများစည်ကားရာ လက်ဖက်ရည်ဆိုင်တွင်း စားသုံးသူစားပွဲများသို့ လူကိုယ်တိုင် လိုက်လံ၍ အရောင်းမြှင့်တင်နေပုံ မြင်ကွင်းပုံ (ထ)



လက်ဖက်ရည်ဆိုင်တွင် ဆေးလိပ်များကို ဘူးဖောက်၍ တစ်လိပ်ချင်း ရောင်းချနေသောမြင်ကွင်းပုံ(ထ-၁)



ဆေးလိပ်ဝယ်ယူသူများအား လက်ဆောင်ပေးသော မီးခြစ်များနှင့် ဆေးလိပ်အမှတ်တံဆိပ်ပါမီးခြစ် ပုံ(ထ-၂)




**အချိန်၊ ၁၁း၀၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၁။**

**ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက် ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစန်းမောင်မောင် ၏ အဆိုအား ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က နိုင်ငံသူ၊ နိုင်ငံသားတိုင်း ကျန်းမာပြီး ဒီမိုကရေစီအရေးဖော်ဆောင်နိုင်ရန်၊ ဒီမိုကရေစီအသီးအပွင့်များကို ခံစားနိုင်စေရန်နှင့် လူ့သက်တမ်းပိုရှည်လာစေရန်စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် လူ့ဘဝကောင်းကျိုးအတွက် ရည်ရွယ်သည့်အတွက် ၎င်းအားထောက်ခံဆွေးနွေးရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှေ့က လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဆွေးနွေးသလိုပဲ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ၂၀၁၇ ခုနှစ် အစီရင်ခံစာမှာကတော့ ကမ္ဘာပေါ်မှာ ဆေးလိပ်သောက်သုံးသူသန်းပေါင်း(၁၀၀၀)ကျော်ရှိပြီး ၎င်းအထဲမှ (၇)သန်းကျော်ဟာ နှစ်စဉ်သေဆုံးကြောင်း သိရှိရပါတယ်။ (၆)စက္ကန့်တိုင်းမှာ တစ်ဦးသေဆုံးပြီး (၁)မိနစ်တိုင်းမှာ တစ်ဆင့်ခံရှူရှိုက်သူ အပြစ်မဲ့လူသားတစ်ဦးသေဆုံးကြောင်း တွေ့ရှိရပါတယ်။ ၎င်းအချက်များကို ကြည့်ခြင်းအားဖြင့် လူသားအားလုံးအတွက်စိုးရိမ်စရာ ဖြစ်နေတာကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာလည်းပဲ ဆေးလိပ်နှင့်ဆေးရွက်ကြီးကြောင့် နှစ်စဉ်သေဆုံးမှု အနေအထားကတော့ အလယ်အလတ်မှာ ရှိနေတာတွေ့ရပါတယ်။ မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ဆေးလိပ်သောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို ၂၀၀၆ ခုနှစ်၊ မေလ ၄ ရက်တွင် ပြဋ္ဌာန်းပြီး ၂၀၁၇ ခုနှစ်၊ မေလ ၄ ရက်တွင် အာဏာတည်သည့်အတွက် လက်ရှိအာဏာတည်တာ (၁၀)နှစ်ပြည့်ပြီဖြစ်သော်လည်း ဥပဒေပါ ပြဋ္ဌာန်းချက်များအား ပြည်သူများလိုက်နာမှု အားနည်းသလို အာဏာပိုင်များဘက်မှလည်း အရေးယူမှု အားနည်းကြောင်း တွေ့ရှိခဲ့ရပါတယ်။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာကျင့်သုံးရန် ပျက်ကွက်ခဲ့ပါက ထောင်ဒဏ်၊ ငွေဒဏ် ချမှတ်ရန် ပုဒ်မများကို ပြဋ္ဌာန်းထားသော်လည်း ယင်းဥပဒေကို ကျင့်သုံးအကောင်အထည်ဖော်မှု မရှိသလောက် အားနည်း နေတာတွေ့ရပါတယ်။ နေရာအနှံ့တွင် ဆေးလိပ်များရောင်းချခြင်း၊ ဆေးလိပ်မသောက်သုံးရန် သတ်မှတ်သည့် နေရာများတွင် သောက်သုံးခြင်းများ တချို့နေရာများတွင် ရှိနေသေး၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ညွှန်ကြားစာ၊ အမိန့်ကြော်ငြာစာများ ထုတ်ပြန်ပြီး ထိရောက်စွာ အရေးယူ သင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း လုပ်ငန်းတွေက ဖွံ့ဖြိုးတိုးတက် သည့်နိုင်ငံတွေမှာ တရားစွဲတာတွေ၊ လျော်ကြေးပေးခံရတာတွေရှိတဲ့အတွက်ကြောင့် မဖွံ့ဖြိုးသေးတဲ့ နိုင်ငံတွေမှာဦးတည်ပြီး ဈေးကွက်ချဲ့ထွင်နေပါတယ်။ နည်းမျိုးစုံဖြင့် နယ်စပ်မှ မှောင်ခိုရောင်းဝယ်မှု များကို တားဆီးနှိမ်နင်းရန်နှင့် ဈေးကွက်ထိန်းချုပ်ရန် အခွန်များကိုလည်း တိုးမြှင့်ကောက်ခံရန် အထူးလိုအပ်ပါတယ်။ အခုလိုအချိန်မှာ ကြိုတင်မကာကွယ်ထားရင် မြန်မာနိုင်ငံဟာ ကမ္ဘာမှာ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုကြောင့် သေဆုံးမှုအမြင့်မားဆုံးနိုင်ငံ ဖြစ်သွား နိုင်ပါတယ်။ ဘာကြောင့်လဲဆိုရင် WHO ၏စစ်တမ်းအရ ကွမ်းယာစားသုံးမှု နိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံဟာ ပထမနေရာမှာ ရပ်တည်လို့ပါပဲ။ သုံးစွဲသူများအနေဖြင့်လည်း ကိုယ်က သုံးစွဲသူဆိုရင် နိုင်ငံသား ကောင်းပီသစွာ အများပြည်သူတွေ အထူးသဖြင့် အရွယ်မရောက်သေးသောသူတွေ၊ မထိခိုက်အောင် သုံးစွဲဖို့ လိုပါတယ်။ ဥပဒေ၊ စည်းကမ်းများကိုလည်း လိုက်နာရန် လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ဆေးသုံးစွဲမှုဟာ တစ်နှစ် ပြီးတစ်နှစ် သောက်သုံးမှုရာခိုင်နှုန်း များပြားတာတွေ့ရပါတယ်။ လူကြီးများသာမက ဆယ်ကျော်သက် ကလေးများ၊ အမျိုးသမီးများလည်း ဆေးလိပ်ကို စွဲမြဲစွာ၊ သုံးစွဲနေသူများစွာ တွေ့မြင်ရပါတယ်။ သောက်သုံးခြင်းကြောင့် ဖြစ်ပေါ်လာနိုင်မည့် ရောဂါဝေဒနာတွေ၊ အန္တရာယ်တွေကို မသိတဲ့အတွက် ကြောင့်လည်း ဖြစ်နိုင်ပါတယ်။ တောင်ပေါ်နေ တိုင်းရင်းသား၊ ဒေသများတွင် အအေးဒဏ်ခံနိုင်ရန် ပိုးမွှားများ၊ ခြင်များ မကိုက်ရန်အတွက် အလုပ်လုပ်ရာတွင် ရိုးရာဓလေ့ကဲ့သို့ များစွာသော တိုင်းရင်းသား ညီအစ်ကိုများ စွဲမြဲစွာ ဆေးလိပ်သောက်သုံးနေကြတာ တွေ့ရပါတယ်။ အသိပညာဗဟုသုတနည်းပါးခြင်း၊ သောက်ခြင်းရဲ့ ဆိုးကျိုးများ မသိခြင်းကြောင့် ဖြစ်ပါတယ်။ ထို့ကြောင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ အနေဖြင့် ပူးပေါင်းပြီး ပညာပေးဟောပြောပွဲများ၊ လက်ကမ်းစာစောင်များ၊ ကြော်ငြာများ ကျယ်ပြန့်စွာ ပြုလုပ်သင့်ပါတယ်။ ဥပဒေပါ ပြဋ္ဌာန်းချက်များကို ချိုးဖောက်ပါကလည်း ဥပဒေအရ အရေးယူ ဆောင်ရွက်ရန် လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထို့ကြောင့် အဆိုရှင်၏ ရည်ရွယ်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစန်းမောင်မောင် ၏ မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ရေးဆွဲပြဋ္ဌာန်းပြီးသော်လည်း ပြည်သူများ လိုက်နာကျင့်သုံးမှုနှင့် အာဏာပိုင် များဘက်မှ ကြီးကြပ်အရေးယူမှု မရှိသလောက် အားနည်းခြင်းအပေါ် ပြည်ထောင်စုအစိုးရမှ ကိုင်တွယ် ဖြေရှင်းပေးပါရန် တိုက်တွန်းကြောင်း အဆိုအား ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာ စိုင်းဆိုင်ကျောက်ဆမ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၅။**

**ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ် ဖြစ်ပါတယ်။ အစည်းအဝေးရဲ့ ဒုတိယနေ့မှာ ဒေါက်တာစန်းမောင်မောင် တင်သွင်းသွားတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point နှင့်တကွ တင်ပြခွင့်ပြုပါရန် တောင်းခံအပ် ပါတယ်ခင်ဗျား။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေရဲ့ အခန်း(၂)မှာ ရည်ရွယ်ချက်(၅)ရပ် ပါရှိ ပါတယ်။ ဥပဒေကို အကောင်အထည်ဖော်ဖို့ကျတော့ ကျန်းမာရေးဝန်ကြီးဌာနကနေပြီးတော့ တာဝန်ယူ ဆောင်ရွက်ရပြီး အခြားသက်ဆိုင်ရာ အစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ အာဏာပိုင်များနဲ့အတူ ပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ အဓိကကျတော့ ရည်ရွယ်ချက်(၁)မှာ ပါတဲ့အတိုင်း ပြည်သူလူထုများက ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း အန္တရာယ်ကို နားလည်သဘောပေါက်ပြီး ကိုယ်တိုင်လိုလိုလားလားပါဝင်လာမှ ရည်ရွယ်ချက်အောင်မြင်မှာ ဖြစ်ပါတယ်ခင်ဗျား။ ရည်ရွယ်ချက် (၂)ကတော့ ဆေးလိပ်ကင်းစင်တဲ့ ပတ်ဝန်းကျင်ကို ဖန်တီးဖို့ဖြစ်ပါတယ်။ ယခုအခါမှာ ဥပဒေမှာပါတဲ့ ဆေးလိပ်သောက်ခွင့်မရှိတဲ့နေရာ (၁၄)ခု သတ်မှတ်ထားတယ်ဆိုတာ သိရှိရပါတယ်။ ဆေးလိပ် သောက်ခွင့်မရှိတဲ့နေရာများဖြစ်တဲ့ အများပြည်သူသုံးခန်းမ၊ မော်တော်ယာဉ်များမှာ၊ ဆေးရုံ၊ ဆေးခန်းများ စတဲ့နေရာမှာ ဆေးလိပ်သောက်သုံးနေဆဲ ဖြစ်ပါတယ်။ ဆေးလိပ်သောက်သုံးမှု သီးသန့် နေရာထားပေး ရမယ်ဆိုတာလည်း အကုန်မထားပေးနိုင်ပါဘူး။ ဆေးလိပ်မသောက်ရ စာတမ်းများကိုလည်း အကုန် နေရာမထားပေးသေးနိုင်ပါဘူး။ အဲဒါကြောင့် အဆိုမှာ ပါရှိတဲ့အတိုင်း လေးစားလိုက်နာကျင့်သုံးမှုနဲ့ အရေးယူမှုအပိုင်းမှာ တော်တော်အားနည်းနေပါတယ်ခင်ဗျား။

အရေးအကြီးဆုံးကတော့ ရည်ရွယ်ချက် အချက်(၃)မှာပါတဲ့ အများပြည်သူ၊ အထူးသဖြင့် ကလေးသူငယ်များ၊ ဆေးလိပ်သောက်သုံးခြင်းအလေ့အထမှ တားဆီးကာကွယ်ဖို့ဆိုတာ ဖြစ်ပါတယ်။ ဥပမာ ကလေးသူငယ်များ၊ ဆေးလိပ်ကို လွယ်လွယ်ကူကူနဲ့ မတွေ့ရှိနိုင်အောင် ဥပဒေထဲမှာတော့ ပြဋ္ဌာန်းထားပါတယ်။ ဆေးလိပ်ကို ကျောင်းပရဝဏ်အတွင်းနဲ့ ကျောင်းပရဝဏ်မှ ပေ(၁၀၀)အတွင်း ဆေးလိပ်မရောင်းရဘူး၊ ဆေးလိပ်ကို လက်ဆောင်အဖြစ်မပေးရဘူး၊ လူငယ်များကို ဆေးလိပ်မရောင်းခိုင်းရဘူး၊ ဆေးလိပ်ကို ဘူးလိုက် မရောင်းရဘူး၊ လက်လီမရောင်းရဘူး၊ ဒါတွေ တွေ့ရပါတယ်ခင်ဗျား။ ဒါပေမဲ့ ဥပဒေ မလိုက်နာတဲ့အတွက်ကြောင့် သုတေသနပြုလုပ်ထားတဲ့စာတမ်းများအရ လူငယ်၊ လူထုများအတွင်း ဆေးလိပ်သောက်သုံးမှုဟာ လျော့နည်းသွားခြင်း မရှိတဲ့အတွက် ပိုများလာကိုတွေ့ရပါတယ်။ လူငယ်များ ဆေးလိပ်ကို အလွယ်တကူ မဝယ်နိုင်အောင်၊ အလွယ်တကူ လက်လှမ်းမမီနိုင်အောင် အခွန်တိုးကောက်ခံခြင်းဟာလည်း အရေးကြီးတဲ့ အချက်တစ်ချက် ဖြစ်ပါတယ်။ ဒါကြောင့် ဆေးလိပ်နဲ့ ဆေးရွက်ကြီးထွက်ပစ္စည်း ထိန်းချုပ်နိုင်ရန်အတွက် မြန်မာနိုင်ငံမှ လက်ခံထားတဲ့ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများနဲ့အညီ ဆောင်ရွက်ဖို့အတွက် ရည်ရွယ်ချက်(၅)မှာ ထည့်သွင်းထားပါတယ်။ FCTC ကွန်ဗင်းရှင်းမှ ပြည်သူလူထု၊ အထူးသဖြင့် ငယ်ရွယ်သူများ ဆေးလိပ်သောက်သုံးမှု လျှော့ချရေးအတွက် အခွန်ကောက်ခံခြင်းသည် ထိရောက်သောလုပ်ငန်းဖြစ်သည်ဟု ဆိုထားပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခွန်ကောက်ခံခြင်းနဲ့ပတ်သက်ပြီး ကျွန်တော် အနည်းငယ် ဖြည့်စွက်တင်ပြလိုပါတယ် ခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ အရင်ခေတ်ကတည်းက ဆေးလိပ်နှင့် ဆေးရွက်ကြီးအခွန်ကို ကောက်ခံခဲ့ပါတယ်။ ယခုအခါမှာ အထူးကုန်စည်ခွန်အနေဖြင့် ဆေးလိပ်ကို (၁၂၅)ရာခိုင်နှုန်း၊ ဆေးရွက်ကြီးထွက်ပစ္စည်းကို (၆၀)ရာခိုင်နှုန်း ကောက်ခံပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်၊ စီးကရက်အခွန်မှရတဲ့ငွေဟာ (၂၅)ဘီလီယံကျော်ပဲ ဖြစ်ပါတယ်။ ဆေးပေါ့လိပ်မှ (၆၈.၆၆)သန်း ဖြစ်ပါတယ်။ စုစုပေါင်းအခွန်ရငွေက (၃၀.၉၆)ဘီလီယံ ဖြစ်ပါတယ်။ အဲဒီနှစ်မှာ အခွန်စုစုပေါင်းက (၄၄၅၀.၅၅၂)ဘီလီယံဖြစ်တဲ့အတွက်ကြောင့် ဆေးလိပ်နဲ့ ဆေးရွက်ကြီးအခွန်ဟာ အခွန်စုစုပေါင်းရဲ့ (၀.၆၉)ရာခိုင်နှုန်းဖြစ်ပါတယ်။ တစ်ရာခိုင်နှုန်းတောင် မပြည့်ပါဘူးခင်ဗျား။ ၂၀၁၆ ခုနှစ်၊ လက်လီဈေးနှုန်းအပေါ် အခွန်နှုန်းထား သတ်မှတ်ထားတာလည်း အခြားအာဆီယံနိုင်ငံများထက် လျော့နည်းပါတယ်။

မြန်မာနိုင်ငံမှာ (၁၅)ရာခိုင်နှုန်းနဲ့ (၁၆)ရာခိုင်နှုန်းကြားပဲရှိပါတယ်။ တခြားနိုင်ငံများဖြစ်တဲ့ ဘရူနိုင်းမှာ (၆၄)ရာခိုင်နှုန်း၊ အင်ဒိုနီးရှားမှာ (၅၉)ရာခိုင်နှုန်း၊ မလေးရှားမှာ (၄၆)ရာခိုင်နှုန်း၊ ဖိလစ်ပိုင်မှာ (၅၃)ရာခိုင်နှုန်း၊ စင်ကာပူမှာ (၇၁)ရာခိုင်နှုန်း၊ ထိုင်းမှာ (၇၀)ရာခိုင်နှုန်း ကောက်ခံနေတာတွေ့ရှိရပါတယ်ခင်ဗျား။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့ဆီမှာ ဖြစ်ပေါ်နေတဲ့ ဆေးလိပ်ဈေးနှုန်းကလည်း အခြားအာဆီယံဈေးနှုန်းထက် လျော့နည်းနေပါတယ်။ ပြည်တွင်းမှာထုတ်တဲ့ စီးကရက်များဆိုရင် ကမ္ဘောဒီယားနိုင်ငံမှလွဲပြီး အာဆီယံနိုင်ငံတွေထဲမှာ ဈေးနှုန်းအနိမ့်ဆုံး ဖြစ်ပါတယ်ခင်ဗျား။ ပြီးတော့ အခြားတရားမဝင် ဝင်ရောက်လာတဲ့ စီးကရက်ကြောင့်လည်း ဈေးနှုန်းကျနေခြင်း ဖြစ်ပါတယ်ခင်ဗျား။ အဲဒါကြောင့် သုတေသနပြုလုပ်ထားတဲ့ စာတမ်းများအရ၊ စာရင်းများအရ မြန်မာနိုင်ငံမှာ လူငယ်ထုအများစု ဆေးလိပ်သောက်သုံးမှုဟာ အမျိုးသမီးထုများအတွက် အနည်းငယ်ကျဆင်းသွားသော်လည်း အမျိုးသားထဲမှာ ၂၀၀၇ ခုနှစ်မှာ အနည်းငယ်ကျဆင်းသွားပြီး ၂၀၁၁ မှာ ပြန်တက်လာ

ပါတယ်။ ဆေးရွက်ကြီးနှင့် ဆေးရွက်ကြီးထွက်ပစ္စည်းမှာ ပါဝင်ထားတဲ့ ကွမ်းယာစားသုံးမှုမှာတော့ လျော့နည်းသွားခြင်း မရှိဘဲ နှစ်စဉ် တိုးပွားလာတာကို တွေ့ရပါတယ်။

သို့ဖြစ်၍ ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှု လျော့နည်းသွားရန်အတွက်၊ ထိန်းချုပ်သွားရန်အတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်း အာဏာပိုင်များမှ ယခုထက်ပိုမိုလုပ်ဆောင်ရန် လိုအပ်ပါတယ်။ နိဂုံးချုပ်အနေဖြင့် ရည်ရွယ်ချက်(၄)မှာပါတဲ့အတိုင်း ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုကို ထိန်းချုပ်ခြင်းဖြင့် အများပြည်သူတို့ရဲ့ ကျန်းမာရေး၊ စီးပွားရေးနဲ့ လူမှုရေး အဆင့်အတန်း မြင့်မားလာစေရန် အတွက် ပြည်သူလူထုမှာ ပြဋ္ဌာန်းထား ------- (ဩဘာသံများ)

**အချိန်၊ ၁၁း၁၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၁။**

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး အားလုံးကို လေးစားစွာ ဂါရဝပြုပြီး နှုတ်ဆက်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီ ဆေးလိပ်နှင့် ဆေးရွက်ကြီးအဆိုနဲ့ ပတ်သက်ပြီးတော့ ထောက်ခံဆွေးနွေးလိုပါတယ်။ ကျွန်တော်တို့ အဲဒီ ဥပဒေရဲ့ ပုဒ်မ ၁၁ မှာ ကျွန်တော်တို့ ဆေးလိပ်နှင့် ဆေးရွက်ကြီးပစ္စည်းတွေကို အခြားနည်းနဲ့ ကြော်ငြာခြင်း မလုပ်ရလို့ အတိအလင်းပြဋ္ဌာန်းထားပေးမယ့် စကတ်တိုလေးတွေနဲ့ ရန်ကုန်မှာ လက်ဖက်ရည်ဆိုင်တွေ မှာလိုက်ပြီးတော့ ကားတွေမှာလည်း ဆေးလိပ်ကုမ္ပဏီရဲ့တံဆိပ်တွေနဲ့ ကြော်ငြာနေတာ တွေ့နေရသလို ကျွန်တော်တို့ ဆေးလိပ်နှင့် ဆေးရွက်ကြီးပစ္စည်းတွေကို အခမဲ့ဖြန့်ဝေခြင်း၊ လက်ဆောင်ပေးခြင်း၊ မလုပ်ရဘူး ဆိုပေမယ့်လည်း အမြည်းလိုက်ပြီးတော့ တိုက်နေတာတွေလည်း တွေ့နေရမှာ ဖြစ်ပါတယ်။

ဒီအတိုင်းပဲ ပုဒ်မ ၁၃ မှာပါတဲ့ ဒီဆေးလိပ်ပုံသဏ္ဌာန်ပြုလုပ်ထားတဲ့ ကစားစရာ၊ စားသောက်ဖွယ်ရာ၊ အသုံးအဆောင်တွေကို ထုတ်လုပ်ဖြန့်ဖြူး မလုပ်ရဘူးဆိုပေမယ့်လည်း ရန်ကုန်မှာ E-Cigarette ဆိုတဲ့ ကျွန်တော်တို့ ဆေးရွက်ကြီးမဖြစ်ပေမယ့် ကလေးတွေကြိုက်တဲ့ဟာလည်း ကျွန်တော်တို့ ကလေးတွေ သောက်သုံးနေတာလည်း ကျောင်းတွေမှာ တော်တော်ပျံ့နှံ့လျက်ရှိပါတယ်။ ဒီအတိုင်းပဲ ကျောင်းပရဝဏ်က ပေ(၁၀၀)အတွင်းမှာ ဆေးလိပ်ရောင်းချခြင်း မလုပ်ရဘူး ဆိုတဲ့ဟာ ရောင်းချနေတာတွေ၊ ကျွန်တော်တို့ စောစောကပြောတဲ့ မီးခြစ်၊ စီးကရက်ကုမ္ပဏီတံဆိပ်ပါတဲ့ မီးခြစ်တွေ၊ ဆေးလိပ်ပြာခွက်တွေ ထည့်တဲ့ဘူးတွေ လက်ဆောင်ပေးနေတာတွေလည်း တွေ့နေရပါတယ်။

နောက်တစ်ခါ ပုဒ်မ ၁၅ မှာ တစ်လိပ်ချင်း ဒါမှမဟုတ် အလိပ်(၂၀)ထက် လျော့ပြီးတော့ မရောင်းရဘူးလို့ ကန့်သတ်ထားပေမယ့်လည်း ရောင်းနေတာတွေကလည်း ကျွန်တော်တို့အားလုံး အလွယ်တကူ မြင်တွေ့သိရှိနိုင်တဲ့နေရာ ဖြစ်ပါတယ်။ ဒီအတိုင်းပဲ။ ပုဒ်မ ၁၆ မှာလည်း ကျွန်တော်တို့ တာဝန်ရှိတဲ့လူတွေရဲ့ ပျက်ကွက်မှုအပေါ်မှာ ဒဏ်ငွေ တစ်ထောင်၊ သုံးထောင် စသည်ဖြင့် အရေးယူမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ အဲဒီတော့ ပုဒ်မ ၁၇ မှာလည်း ဒီလိုပဲ ဒဏ်ငွေ တစ်ထောင်၊ သုံးထောင်၊

ငါးထောင်၊ ဒီလိုအင်မတန်နည်းပါးတဲ့ ဒဏ်ငွေတွေ ပြဋ္ဌာန်းထားပြီးတဲ့အခါမှာ ကျွန်တော်တို့ ဒီဥပဒေကြီးက (၁၀)နှစ်လောက် အခု ကြာပြီးတဲ့အတွင်းမှာ ဥပဒေရဲ့အာနိသင်ဟာ မရှိတော့ဘဲ ပြည်သူတွေကလည်း မလိုက်နာ၊ တာဝန်ရှိတဲ့လူတွေကလည်း အရေးမယူတဲ့အခြေအနေကို ဆိုက်ရောက်သွားတယ်ဆိုတာ ကျွန်တော်တို့အားလုံး မြင်တွေ့သိရှိရပြီး ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီလိုအနေအထားဟာ ကျွန်တော်တို့တိုင်းပြည်ရဲ့ လူငယ်တွေအတွက် အလားအလာလည်း မကောင်းသလို နိုင်ငံနဲ့လူမျိုးရဲ့ အနာဂတ်ကျန်းမာရေးကိုလည်း အင်မတန် ထိခိုက်နေတဲ့အတွက် ပြည်ထောင်စုအစိုးရကနေ ကိုင်တွယ်ဖြေရှင်းဖို့ လိုအပ်နေတယ်ဆိုတာ သေချာပါတယ်။ ဒါကြောင့်မို့လို့လည်း အဆိုကို ထောက်ခံခြင်း ဖြစ်ပါတယ်။ နောက်နောင် ဥပဒေတွေ ပြဋ္ဌာန်းပြီးရင် အဲဒီလို မလေးစား မလိုက်နာတာတွေ မဖြစ်အောင် ဘာကြောင့် ဒီလိုဖြစ်ရတယ်ဆိုတဲ့ ဟာကိုလည်း ကျွန်တော်တို့ လေ့လာဖို့လိုပါတယ်။ အဲဒီတော့ ဥပဒေတွေကို ပြည်သူတွေ မလေးစား မလိုက်နာဘဲနဲ့ တာဝန်ရှိသူတွေကလည်း မလေးစား မလိုက်နာဘဲ ဥပဒေပေါင်းများစွာ ကျွန်တော်တို့ နိုင်ငံမှာ ဒီနေ့ ရှိနေပါတယ်။ ဖြစ်နေပါတယ်။ အဲဒီဟာတွေကို ဆန်စင်ရာ ကျည်ပွေ့လိုက် ဆိုရင် ကျွန်တော်တို့ ဆုံးမှာမဟုတ်ပါဘူး။ ဒါဟာ တရားဥပဒေစိုးမိုးရေး မရှိဘူးဆိုတာဟာကို ပြခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ လူမျိုးအတွက် တရားဥပဒေစိုးမိုးမှုရှိအောင် အဖြေရှာကြဖို့၊ နည်းလမ်းရှာကြဖို့ အချိန်ကိုရောက်ပါပြီ။

အဲဒီတော့ ဒီလိုဖြစ်ရတဲ့ အကြောင်းထဲမှာ လိုရင်းပြောရမယ်ဆိုရင် (၁)က ဥပဒေပြုတဲ့ လူတွေရဲ့ အားနည်းချက်လို့ ပြောလို့ရပါတယ်။ အမြော်အမြင်ရှိဖို့ လိုပါတယ်။ လေးနက်ဖို့ လိုပါတယ်။ လက်ငင်းအခြေအနေအတိုင်း ပြည်သူတွေနဲ့ တိုင်းပြည်အခြေအနေနဲ့ အံဝင်ခွင်ကျဖြစ်ဖို့ လိုပါတယ်။ သာဓကအနေနဲ့ အခု ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းတာမကြာသေးဘူး။ ဥပဒေပြုသူတွေရဲ့ စေတနာကို တလွဲလုပ်ပြီးတော့ ငွေတွေ သိန်းပေါင်း များစွာ ပေးကမ်းပြီး ဆန္ဒဖော်ထုတ်ပွဲတွေ လုပ်နေတာဟာ သင်ခန်းစာ ယူဖို့ဖြစ်ပါတယ်။ ဒီအတိုင်းပဲ အုပ်ချုပ်သူတွေနဲ့ ပြည်သူတွေကလည်း ကျွန်တော်တို့ နှစ်ပေါင်းများစွာ အာဏာရှင်စနစ်အောက်မှာ ရှင်သန်လာရာကနေပြီးတော့ အာဏာရှိရင် ပိုက်ဆံရှိရင်၊ လုပ်ပိုင်ခွင့်ရှိရင် ဥပဒေကို ဂရုမစိုက်ဘူး ဆိုတဲ့ ကျွန်တော်တို့ အတွေးအခေါ် အယူအဆ စိတ်ဓာတ်တွေကိုလည်း ကျွန်တော်တို့ ပြုပြင်ပြောင်းလဲဖို့ လုပ်ကြရမှာ ဖြစ်ပါတယ်။

ဒါတွေကို ကျွန်တော်တို့ စာသင်ခန်းထဲကနေ လုပ်ဖို့လိုတယ်။ နောက်တစ်ခါ အများ ကြည်ညိုလေးစားတဲ့ လူတွေရဲ့ ဟောပြော၊ လမ်းညွှန်၊ လမ်းပြပေးတဲ့ နည်းလမ်းတွေလုပ်ဖို့ လိုသလို အဓိကကတော့ အစိုးရရဲ့အစီအမံတွေ လိုပါတယ်။ အဲဒီတော့ တရားဥပဒေစိုးမိုးရေးအတွက် ရေရှည် လုပ်ကြရမယ့်အစီအမံတွေ လိုအပ်သလို လတ်တလော မဖြစ်မနေလုပ်ရမယ့်လုပ်ငန်းတွေလည်း လိုအပ်ပါတယ်။ ဥပဒေတွေ ဘယ်လိုပဲ ချို့ယွင်းနေစေကာမူ အုပ်ချုပ်သူအစိုးရအနေနဲ့ ရတဲ့နည်းနဲ့ အကောင်အထည်ဖော်ဖို့ရာ အစိုးရရဲ့ မဖြစ်မနေလုပ်ရမယ့်တာဝန်သာ ဖြစ်ပါတယ်။ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေ စိုးမိုးဖို့အတွက်ဆိုရင် အရင်ဆုံး အဲဒီ ဥပဒေကို ပြည်သူတွေ လေးစားလိုက်နာလောက်တဲ့အထိ ပြင်ဆင်ဖို့ လိုအပ်ပါတယ်။ အာဏာပိုင်များ

ဘက်ကလည်း ဒီနေ့ အခြေအနေမျိုးတွေကို ထိုင်ကြည့်နေမယ့်အစား ယနေ့အခြေအနေထက် ပိုမိုတိုးတက်ထိရောက်အောင် ကြီးကြပ်ဆောင်ရွက်ပေးဖို့ ကျွန်တော်တို့ မဖြစ်မနေ တာဝန်ရှိပါတယ်။ လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ဒေါက်တာစန်းမောင်မောင်ရဲ့ အဆိုကို အပြည့်အဝ ထောက်ခံပါကြောင်း လေးလေးစားစား ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၁း၁၇။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို သာလီစွပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ ဒေါက်တာစန်းမောင်မောင် တင်ထားတဲ့ အဆိုကို ထောက်ခံဆွေးနွေး အကြံပြုသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီနေ့ ဒီအဆိုကို ဘာဖြစ်လို့ ထောက်ခံဆွေးနွေးရလဲ ဆိုတဲ့အကြောင်းကို ဆက်လက်ပြီး ကျွန်တော် ဆွေးနွေးပါမယ်။ အခု အဆိုမှာ အပိုင်းနှစ်ပိုင်းပါတာ တွေ့ရပါတယ်။ မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ပြည်သူများ လိုက်နာကျင့်သုံးမှုအပိုင်းနှင့် အာဏာပိုင်များ ဘက်မှ ကြီးကြပ်အရေးယူမှု မရှိသလောက် အားနည်းနေတယ်ဆိုတဲ့ အပိုင်းနှစ်ပိုင်း တွေ့ရှိရပါတယ်။ ပထမအပိုင်းမှာ ဥပဒေကို ပြည်သူများ လိုက်နာကျင့်သုံးမှု ဆိုတဲ့နေရာမှာ ဥပဒေကို ပြဋ္ဌာန်းတယ်ဆို ကတည်းက ပြည်သူ၊ ပြည်သားများ လိုက်နာနိုင်အောင်၊ ကျင့်သုံးနိုင်အောင် ရည်ရွယ်ပြီး ပြဋ္ဌာန်းတာပဲ ဖြစ်ပါတယ်။ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေတွင် အခန်း (၉)ခန်းနဲ့ အပိုဒ် (၂၀)ပါတာ တွေ့ရပါတယ်။

ပြည်သူများ လိုက်နာနိုင်တဲ့အချက်တွေကိုပဲ ပြဋ္ဌာန်းထားတယ်ဆိုတာ တွေ့ရပါတယ်။ ဥပဒေတစ်ခုကို ကျွန်တော်တို့ လွှတ်တော်မှာ ရေးဆွဲပြဋ္ဌာန်း အတည်ပြုလိုက်ပြီး ပြည်သူများလိုက်နာ ကျင့်သုံးနိုင်ရန်အတွက် လက်ရှိအစိုးရကသာ လုပ်ဆောင်ရမယ်ဆိုတာကို ပြောနေစရာ၊ တိုက်တွန်းနေ စရာတောင် မလိုအပ် ဖြစ်နေရပါမယ်။ ယခုလက်ရှိမှာ အစိုးရက အားနည်းနေလို့ တိုက်တွန်းနေရခြင်း ဖြစ်တယ်လို့ ကျွန်တော် ထင်မြင်မိပါတယ်။ ဥပဒေမှာပါတဲ့ အချက်(၃)ချက်၊ (၄)ချက်လောက်ကို ထုတ်နုတ်ပြီး ဆွေးနွေးသွားပါမယ်။ ဥပဒေ ပုဒ်မ ၁၄(ဃ) တွင် အသက်(၁၈)နှစ် မပြည့်သူအား ဆေးလိပ်ကို ရောင်းချခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ၊ ပုဒ်မ ၁၄(င)တွင် အသက်(၁၈)နှစ် မပြည့် သေးသူကို ဆေးလိပ်ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းပြုရာတွင် ခိုင်းစေခြင်းမပြုရဟု ပါရှိပါတယ်။ ဒီ ပုဒ်မတွေအရဆိုရင် ဒီ ပုဒ်မတွေအရ ပြဋ္ဌာန်းထားသော်လည်း ဒီနေ့ မြန်မာနိုင်ငံမှာရှိတဲ့ မြို့နယ်တိုင်း လိုလိုမှာ လက်ဖက်ရည်ဆိုင်များ၊ ကွမ်းယာဆိုင်များ၊ စားသောက်ဆိုင်များတွင် အသက်(၁၈)နှစ် မပြည့်သေး

တဲ့ကလေးသူငယ်များကို စားပွဲထိုးခိုင်းခြင်း၊ ဆေးလိပ်များကို ရောင်းချခိုင်းခြင်း၊ ပေးကမ်းခိုင်း ခြင်းများ ပြုလုပ်နေဆဲဖြစ်ပါတယ်။ ကျေးလက်များရှိ ကွမ်းယာဆိုင်များ၊ လက်ဖက်ရည်ဆိုင်များဆိုလျှင် ပိုမိုဆိုးရွားပြီး (၁၈)နှစ်အောက် ကလေးများကို ခိုင်းစေခြင်း၊ ရောင်းချခြင်းများ ပြုလုပ်နေတာ တွေ့နေရပါတယ်။

ကျွန်တော်တို့ ဒေသစကားပုံအရဆိုလျှင် လူကလေး ခိုင်းစရာ၊ ဓားကလေး ခုတ်စရာ ဆိုတာနဲ့အညီ ကလေးတွေကိုပဲ ခိုင်းစေနေတာ တွေ့နေရပါတယ်။ လူကြီးတွေအနေနဲ့လည်း ကလေးတွေကို အတုမြင် အတတ်သင် ခိုင်းစေမှု မပြုလုပ်သင့်ဘဲ အရာရာကို မပြုလုပ်သင့်ပါကြောင်း ဆွေးနွေးလိုပါတယ်။ ဒါတွေကို မလုပ်ဆောင်နိုင်အောင် ဥပဒေနဲ့အညီ လိုက်နာဆောင်ရွက်နိုင်အောင် အစိုးရနဲ့ တာဝန်ရှိသူများက လုပ်ဆောင်ရမှာပါ။ တာဝန်ရှိသူများ အားနည်းနေတဲ့အချက်တစ်ချက်အနေနဲ့ ထောက်ပြဆွေးနွေးရခြင်း ဖြစ်ပါတယ်။

နောက်တစ်ချက်အနေနဲ့ ပုဒ်မ ၁၅(က)တွင် စီးကရက်ကို လွယ်ကူစွာ ဝယ်ယူသောက်သုံးနိုင်စေရန် တစ်လိပ်ချင်းဖြစ်စေ၊ အလိပ်(၂၀)ထက်နည်းသော အထုပ်ဖြင့်ဖြစ်စေ ရောင်းချခြင်းမပြုရဆိုတဲ့ အချက်ပါရှိပါတယ်။ ဒီ ပုဒ်မအတိုင်းဆိုရင်လည်း အထက်က ကျွန်တော်ဆွေးနွေးခဲ့သလို လက်ဖက်ရည်ဆိုင်များ၊ စားသောက်ဆိုင်များတွင် ပေါ်တင်ပဲ ကျွန်တော်တို့ (၄)လိပ်(၁)ပွဲ၊ (၃)လိပ်(၁)ပွဲဆိုပြီး ရောင်းချနေဆဲပဲ ဖြစ်ပါတယ်။ ကွမ်းယာဆိုင်များတွင်လည်း တစ်လိပ်ချင်းရောင်းချနေဆဲ ဖြစ်ပါတယ်။ နောက်ပြီး လက်ဖက်ရည်သောက်ပြီး ကျွန်တော်တို့ အကြွေမအမ်းနိုင်ပါကလည်း ဆေးလိပ်ကို တစ်လိပ်စီ အကြွေအဖြစ် အမ်းနေခြင်းက အဆိုးဆုံးအချက် ဖြစ်ပါတယ်။ ပုဒ်မ ၁၅(ဂ)တွင် ပါဝင်တဲ့ ဆေးလိပ်ရောင်းချသူဖြစ်ပါက အသက်(၁၈)နှစ် မပြည့်သူကို ဆေးလိပ်ရောင်းချခြင်းမပြုကြောင်း မြန်မာဘာသာဖြင့် အသိပေးစာကို ဆေးလိပ်ရောင်းချသည့်နေရာတွင် ထင်ရှားမြင်သာစွာ ဖော်ပြရန် ပျက်ကွက်ခြင်းဆိုတဲ့ အချက်မှာလည်း ဒီနေ့အထိ အသက်မပြည့်သေးတဲ့ ကလေးများကို ရောင်းချနေဆဲ၊ စာတန်းများလည်း မြင်သာအောင် ကပ်ပေးထားမှု အားနည်းနေဆဲ ဖြစ်ပါတယ်။ ဆိုင်ရှင်များကိုယ်တိုင်ကလည်း အသက်(၁၈)နှစ်အောက်ကလေးများ ဆေးလိပ်လာဝယ်ပါက မရောင်းဘူးဆိုတဲ့စကားကို မပြောဘဲ မိမိဆိုင်ရောင်းရရင်ပြီးရော ဆိုပြီး ရောင်းချနေဆဲပဲ ဖြစ်ပါတယ်။

ဒါတွေကို လိုက်နာနိုင်အောင် သက်ဆိုင်ရာအစိုးရအဖွဲ့၊ အာဏာပိုင်များမှ ကြီးကြပ်လုပ်ဆောင်မှသာ ရောင်းချသူများ၊ စားသုံးသူများဘက်မှ လိုက်နာဆောင်ရွက်နိုင်မည်သာ ဖြစ်ပါတယ်။ ဒါတွေကို သက်ဆိုင်ရာမှ ကြီးကြပ်မလုပ်ဆောင်ပါက အဆိုရှင် တင်ပြဆွေးနွေးခဲ့သလို ဆိုးကျိုးရောဂါများ ဖြစ်လာမည် မလွဲဧကန်ပါ။

ဒုတိယအချက်အနေနဲ့ အာဏာပိုင်များ ကြီးကြပ်အရေးယူမှုအပိုင်းမှာ ဥပဒေတစ်ခုပြဋ္ဌာန်းလိုက်ပြီး စာရွက်ပေါ်မှာ ဥပဒေအဖြစ် ရပ်တည်နေ၍ မပြီးပါ။ ပြည်သူများ သိရှိလိုက်နာနိုင်ရေးအတွက် ဥပဒေအတိုင်း လုပ်ဆောင်ရန်မှာလည်း အစိုးရရဲ့ တာဝန်ပဲ ဖြစ်ပါတယ်။ ပြည်သူများ သိရှိအောင် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များတွင် ထုတ်ပြန်ကြေညာပေးမှု အားနည်းပါတယ်။ လိုက်နာမှု မရှိသူများကို ဥပဒေအရ အရေးယူသင့်က ယူရမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်သွင်းတဲ့အဆိုမှာ ဆေးလိပ်မသောက်ရ၊ ကွမ်းမစားရ ဆိုပြီး ကွမ်းယာထဲမှာ ဆေးရွက်ကြီးများကို ကွမ်းယာထဲမှာ ထည့်မစားရဆိုပြီး မပါရှိပါ။ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကိုလည်း ပြည်သူများ လိုက်နာနိုင်အောင် အာဏာပိုင်များဘက်မှ ကြီးကြပ်အရေးယူမှု အားနည်းခြင်းအပေါ်မှာ ထောက်ပြပြီး အစိုးရကို ပိုမိုပြီး အစိုးရလုပ်ဆောင်နိုင်အောင် တိုက်တွန်းတဲ့ အဆိုပဲဖြစ်ပါတယ်။ အစိုးရအနေနဲ့လည်း အကျပ်အတည်းဖြစ်စရာ အကြောင်းမရှိပါ။ ဥပဒေတွင်လည်း ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေတွင် မသောက်သုံးရ၊ မသုံးစွဲရဆိုတဲ့ ဥပဒေလည်း မပါရှိပါ။ နေရာဒေသ အကန့်အသတ်နဲ့ စည်းကမ်းမူဘောင် စနစ်တကျ လုပ်ဆောင်ရန်သာ လိုအပ်ပါတယ်။ ပြည်သူများ လိုက်နာနိုင်တဲ့ ဥပဒေ၊ ပုဒ်မများသာ ဖြစ်ပါတယ်။ ဒီနေရာမှာ အချက်တစ်ချက် ဆွေးနွေးလိုတာက ဥပဒေတွင်ပါဝင်တဲ့ ငွေဒဏ်များဟာ မျက်မှောက်ကာလနဲ့ မကိုက်ညီဘူးဆိုတာတော့ တွေ့မြင်၊ တွေ့ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ထပ်အနေနဲ့ ဖြည့်စွက်ဆွေးနွေးလိုတာက ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းနဲ့ ပတ်သက်ပြီး အခွန်ကောက်ခံခြင်းနဲ့ ပတ်သက်ပြီး ဆွေးနွေးချင်ပါတယ်။ ဖွံ့ဖြိုးပြီးနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းများအပေါ်တွင် သီးသန့်အခွန်များအဖြစ်သတ်မှတ်ပြီး တိုးမြှင့်ကောက်ခံနေပြီဆိုတာ သိနေရပါတယ်။ ရရှိတဲ့ အခွန်များအပေါ်မှာ ကျန်းမာရေးနဲ့ ပညာရေးတို့အတွက် သီးသန့်ရန်ပုံငွေ ထူထောင်ပြီးလည်း ဆောင်ရွက်မှုများ ရှိနေပါတယ်။ ကျွန်တော်တို့နိုင်ငံအတွက်လည်း သီးသန့်ရန်ပုံငွေတစ်ရပ် ထူထောင်သင့်ပါကြောင်း ဒေါက်တာစန်းမောင်မောင် တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၃။**

**ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်အပေါင်း မင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစန်းမောင်မောင် ၏ မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေ ရေးဆွဲပြဋ္ဌာန်းပြီးသော်လည်း ပြည်သူများ လိုက်နာကျင့်သုံးမှု၊ အာဏာပိုင်များဘက်မှ ကြီးကြပ်အရေးယူမှု မရှိသလောက် အားနည်းနေခြင်းအပေါ် ပြည်ထောင်စုအစိုးရမှ ကိုင်တွယ်ဖြေရှင်းပေးရန် တိုက်တွန်းကြောင်းအဆိုကို မှတ်တမ်းတင်ရန် အဆင့်တွင်ထားရှိသင့်ကြောင်း ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုဟာ ကောင်းတော့ ကောင်းတယ်၊ မျက်စိစပ်သလို အစိုးရကို ဘေးကျပ်နံကျပ်ဖြစ်စေတဲ့ အဆိုပဲ ဖြစ်ပါတယ်။ ယနေ့ မြန်မာ့ ယဉ်ကျေးမှု နယ်ပယ်အသီးသီးမှာ သာရေးပဲဖြစ်ဖြစ်၊ နာရေးပဲဖြစ်ဖြစ် ကွမ်း၊ ဆေး၊ လက်ဖက်မပါရင် မပြီးသလိုဖြစ်နေတာဟာ တက်ရောက်လာတဲ့ ကိုယ်စားလှယ်အပေါင်း သိပြီးဖြစ်ပါတယ်။ ယနေ့ ကျွန်တော်တို့ အစိုးရရဲ့ သက်တမ်းဟာ တစ်နှစ်ကျော်ကာလအတွင်း ဝင်ရောက်ကာစဖြစ်တယ်။ အဲဒီတော့ နှစ်များစွာက မှားယွင်းခဲ့တဲ့ စီးပွားရေးကိစ္စတွေ၊ လူမှုရေးကိစ္စတွေ၊ ဘာသာရေးကိစ္စတွေ၊ ငြိမ်းချမ်းရေးကိစ္စတွေအပြင် သဘာဝဘေးအန္တရာယ်ကိစ္စတွေ ဖြေရှင်းနေရတာ ယနေ့အထိ မပြီးနိုင်ခြင်းကို တက်ရောက်လာတဲ့ ကိုယ်စားလှယ်တော် အပေါင်းဟာ သိမယ်လို့ ယုံကြည်ပါတယ်။ ပြည်သူတွေဘက်ကို တစ်စေ့တစ်စောင်း ပြန်ကြည့်ရင်လည်း အဖိနှိပ်ခံဘဝက ရုန်းထွက်ကာစဆိုတော့ ဒီမိုကရေစီရဲ့သဘောသဘာဝ ရင့်ကျက်မှုအားနည်းသဖြင့် မိမိကိုယ်ကို တာဝန်ယူမှု၊ တာဝန်ခံမှုတွေမှာ အားနည်း နေပါတယ်။ အသေးအဖွဲလေး ကိစ္စဖြစ်တဲ့ လမ်းပေါ်အမှိုက်မပစ်ရ၊ ဆိုင်ကယ်ဦးထုပ်ဆောင်းရမည်၊ ကားစီးလျှင် ခါးပတ် ပတ်ရမည်ဆိုတဲ့ ပေါ့ပါးတဲ့ တာဝန်ပျက်ကွက်မှုတွေက ဒုနဲ့ဒေး ရှိနေပါတယ်။

ဒါတွေကို ပြည်သူတွေရဲ့ စိတ်ဓာတ်တွေ ပြောင်းလဲလာအောင် စည်းရုံးသိမ်းသွင်းသော နည်းပညာပေးသော နည်းတွေနဲ့ သုံးစွဲရန် လိုအပ်မယ်လို့ထင်ပါတယ်။ အထူးတလည် အရေးကြီးတာကတော့ ကျွန်တော်တို့က မီးဖိုချောင်ကိစ္စ မပါမရှိ ဖြစ်ပါတယ်။ ယနေ့ အသက်ရှင်နေထိုင်နေတာ။ ယနေ့ မြန်မာပြည်မှာ သန်း(၄၀)ကျော်ဟာ စားအုန်းဆီတွေကို စားသုံးနေရပါတယ်။ ဒီ စားအုန်းဆီတွေဟာ အေးတဲ့အချိန်မှာ မီးဖိုပေါ်ကျိုပြီးကာမှ ပြည်သူလူထုကို လိမ်လည်လှည့်ဖျားပြီး နှမ်းဆီတစ်ပုံးလောက်ရော၊ မြေပဲဆီတစ်ပုံးလောက်ရောပြီး မြေပဲဆီ၊ နှမ်းဆီအတုလုပ်ပြီး ရောင်းနေတာတွေ၊ ဆေးဝါးအတုတွေ၊ နောက်တစ်ခါ အရက်အတုတွေ ဒါတွေကို ဘယ်လိုဖြေရှင်းမလဲ၊ ထိန်းကျောင်းမလဲဆိုတာ အဓိက လုပ်ဆောင်ရမယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်မိပါတယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော်တို့ ဟိုးကတည်းက ရှိခဲ့တဲ့စာပိုဒ်လေး ရှိပါတယ်။ ဒီ စာပိုဒ်ကလေးကတော့ တံတားဦးက ကွမ်းနုဝါ၊ ငမြာက ဆေး၊ ကိုင်းထုံးဖြူ ပြည်ရှား သာဝါးလို့ ထွေးတဲ့ ဒီစာဆိုလေးကို သုံးပြီးတော့ ကျွန်တော်တို့ သခင်ကိုယ်တော်မှိုင်းကြီးတို့၊ မြန်မာပြည်မှာ အသက်(၉၀)ကျော် နေသွားခဲ့တာ ဒုနဲ့ဒေး ရှိပါတယ်။ ခုနတုန်းက ကျွန်တော်တို့ ဒီ စားအုန်းဆီတွေကြောင့်သာ ကျွန်တော်တို့ မြန်မာတိုင်းရင်းသူ၊ တိုင်းရင်းသားအပေါင်းဟာ သွေးတိုး၊ လေဖြတ် ဒီရောဂါတွေ ခံစားနေရတယ်ဆိုတာ ငြင်းလို့မရတဲ့ အချက်ဖြစ်ပါတယ်။

အဲဒီတော့ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေ ပြဋ္ဌာန်းခဲ့ပြီး ဒီ ဥပဒေအသက်ဝင်ရန်အတွက် အစိုးရအနေနဲ့ ဆေးရွက်၊ ကွမ်းရွက် စိုက်ပျိုးထုတ်လုပ်သူတွေကို မည်သည့် အစားထိုးသီးနှံစိုက်ပျိုးမလဲ၊ အကြံပေးမှု၊ စိုက်ပျိုးစရိတ် ထုတ်ချေးပေးမှု ရှိ/မရှိ။ အလုပ်အကိုင်ဖန်တီးပေးနိုင်မည်လား၊ ထို့အတူပဲ ဆေးလိပ် လိပ်တဲ့သူ၊ ကွမ်းယာရောင်းတဲ့သူတွေ အတွက် အလုပ်အကိုင်ဖန်တီးပေးနိုင်မလား ဆိုတဲ့ဥစ္စာတွေလည်း ထည့်သွင်းစဥ်းစားရမှာ ဖြစ်ပါတယ်။ ထို့အတူပဲ တစ်ခါ ဥပဒေကြောင်းအရ အရေးယူမှုအပိုင်းတွေမှာလည်း ယနေ့ မြို့ကြီးအတော်များများမှာ ဖြစ်ပျက်နေတဲ့ လူသတ်မှု၊ လုယက်မှု၊ သက်ငယ်မုဒိမ်းမှုတွေကို ကိုင်တွယ်ထိန်းကျောင်းနေတဲ့

ပြည်သူ့ရဲတပ်ဖွဲ့ဝင်ရဲ့ အချိုးကို ကြည့်မယ်ဆိုရင် ၂၀၁၂ က အချိုးအရဆိုလို့ရှိရင် မြန်မာနိုင်ငံမှာ ရဲတစ်ဦးဟာ ပြည်သူ(၆၀၀)လောက် ထိန်းသိမ်းနေရတယ်။ ယိုးဒယားမှာဆိုရင် ပြည်သူ(၃၀၀)လောက်ကို ရဲတစ်ဦးက ထိန်းသိမ်းတယ်။ ဒီလျော့ပါးတဲ့အခြေအနေကြောင့် ဒီနေ့ ပြစ်မှုဖြစ်ပွားမှု ဖော်ထုတ်မှု အပိုင်းတွေမှာ လွန်စွာအားနည်းနေတာကို ကိုယ်စားလှယ်တွေ သိပြီးဖြစ်ပါတယ်။ အဲဒီတော့ ဒီ ဆေးလိပ်၊ ဆေးရွက်ကြီးရဲ့ ဥပဒေကလည်း ပြစ်ဒဏ်ကျတော့ ဒဏ်ငွေ(၁၀၀၀)ဆိုတော့ ပြစ်ဒဏ်ပေးမှုက အလွန်တရာမှ နည်းပါးနေတာကို ပြန်လည်စဥ်းစားရမယ့် အချက်ဖြစ်ပါတယ်။ စင်ကာပူနိုင်ငံမှာဆိုရင် စင်ကာပူနိုင်ငံသားတစ်ဦးက ဆေးလိပ်၊ အရက် သောက်မယ်ဆိုရင် ဒီပြင်နိုင်ငံခြားသားထက် အခွန် ပေးရပါတယ်။ ကျွန်တော်တို့နိုင်ငံကျ နိုင်ငံခြားသားက ပိုအခွန်များပြီး၊ ကျွန်တော်တို့ ပြည်တွင်းသားတွေက အခွန် နည်းနေပါတယ်။ ဒါကိုလည်း ပြင်ဆင်ရန် လိုအပ်မယ်ဖြစ်ပါတယ်။

အထက်ဖော်ပြပါအချက်များကို ကြည့်ခြင်းအားဖြင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစန်းမောင်မောင် ရဲ့ အဆိုသည် ဘူးလေးရာ ဖရုံဆင့် ဖြစ်သလို တင်သွင်းရမည့်အချိန်ကာလ မကျရောက်သေးပါ၍ အဆိုကို မှတ်တမ်းတင်ခြင်း အဆင့်သာ ထားရှိသင့်ကြောင်း ဆွေးနွေးလျက် နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၁း၂၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေးတင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၉။**

**ဦးဌေးတင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးတင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစန်းမောင်မောင်၏ အဆိုကို ထောက်ခံသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် တောင်းခံအပ်ပါတယ်။ မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ်ကတည်းက အထက်ပါတင်ပြထားသော ကိစ္စသည် ဥပဒေပြဋ္ဌာန်းပြီးသာ ဖြစ်ပါတယ်။ သို့ပါသော်လည်း ဥပဒေအပေါ် လေးစားလိုက်နာမှု မရှိသည့်အပြင် ဆေးလိပ်သောက်သုံးမှု အခြေအနေသည် ယနေ့ မြန်မာနိုင်ငံတွင် ပို၍ပင် တွင်ကျယ်လာသည်ကို မြင့်တွေ့နေလျက်ရှိပါတယ်။ ဆေးလိပ် သောက်သုံးမှုသည် ဓလေ့အမွေ၊ ရိုးရာအမွေလို ကျင့်သုံးနေကြသည်မှာ မိမိတို့ တိုင်းပြည်အတွက် ကျန်းမာရေးကို အလွန်ဆိုးရွားစေတာ ဖြစ်ပါတယ်။ ဆေးလိပ်သောက်သုံးမှုသည် ကျန်းမာရေးကို ထိခိုက်စေကြောင်း လူတွေသိရဲ့သားနဲ့ ဆေးလိပ်ကို အလွန်အမင်း သောက်သုံးနေခြင်းသည် လူကို အလွန်စွဲလမ်းစေသော ဆေးလိပ်ထဲတွင် နီကိုတင်းဓာတ်ပါရှိလို့ပင် ဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

မြန်မာနိုင်ငံတွင် ဆေးလိပ်သောက်သုံးမှု အခြေအနေကို လေ့လာကြည့်တဲ့အခါ ၂၀၀၄ ခုနှစ်၊ Data အချက်အလက်များအရ လူ(၁၀၀)ဦး သေဆုံးလျှင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ အသုံးပြုမှုကြောင့် ယောကျ်ား(၁၉)ဦးမှ (၂၄)ဦးအထိ သေဆုံးပြီး၊ အမျိုးသမီး(၁၇)ဦးမှ (၂၃)ဦးအထိ သေဆုံးကြောင်း လေ့လာတွေ့ရှိရပါတယ်။ ၂၀၁၀ ခုနှစ်၊ Data အချက်အလက်များအရ မြန်မာနိုင်ငံတွင် အိမ်တွင်း ဆေးလိပ်သောက်သုံးမှု အခိုးအငွေ့ကြောင့် လူငယ်စုစုပေါင်း (၂၀)ရာခိုင်နှုန်းမှ (၄၀)ရာခိုင်နှုန်းအထိ ဆေးလိပ်ငွေ့ ခံစားနေရကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။ နှစ်စဉ်နှစ်တိုင်း ကမ္ဘာမှာ ဆေးလိပ်သောက်သုံးမှု သေဆုံးသူဦးရေဟာ (၃.၅)သန်းရှိကြောင်း သတင်းစာတွေမှာ ဖော်ပြတာ တွေ့ရှိရပါတယ်။ လာမည့်အနာဂတ် ၂၀၂၀ ခုနှစ်မှာဆိုရင် ဆေးလိပ်ကြောင့် သေဆုံးသူဦးရေဟာ ကမ္ဘာတစ်ဝန်းလုံး (၁၀)သန်းခန့်ရှိမည်ဟု ခန့်မှန်းနေကြပါတယ်။ အမေရိကန်နိုင်ငံတွင် ၁၉၉၃ ခုနှစ်တွင် ဆေးလိပ်သောက်သုံးမှုနှင့် သုံးစွဲမှုကြောင့် ကုသစရိတ် ဒေါ်လာ(၅၃)ဘီလီယံ၊ UK နိုင်ငံတွင် ၁၉၉၇ ခုနှစ်၌ အလားတူ ဆေးလိပ်နှင့် ဆေးသုံးစွဲမှုကြောင့် ကုသစရိတ် စတာလင်ပေါင်(၁.၈)ဘီလီယံ၊ အိန္ဒိယနိုင်ငံတွင် အလားတူ ဆေးလိပ်နှင့် ဆေးသုံးစွဲမှုကြောင့် ကုသစရိတ် ဒေါ်လာ(၆.၅)ဘီလီယံ ကုန်ကျခဲ့ကြောင်း မှတ်တမ်းမှတ်ရာများအရ သိရှိရပါတယ်။ ဒါဟာ ၎င်းတို့နိုင်ငံများ၏ တစ်နှစ် ဆေးလိပ် ထုတ်ကုန်၊ ပို့ကုန်အားလုံးရဲ့ ငွေတန်ဖိုးထက် များပြားကြောင်း သိရှိရပါတယ်။ ဆေးလိပ်ထုတ်လုပ်ရန် ဆေးရွက်ကြီး စိုက်ပျိုးသည့်အတွက် တောတောင်များလည်း အင်မတန် ခမ်းခြောက်လာပြီဖြစ်ကြောင်း သိရှိရပါတယ်။

အိမ်နီးချင်းနိုင်ငံဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဆေးရွက်ကြီးစိုက်ပျိုးမှုကြောင့် (၃၆.၆)ရာခိုင်နှုန်း သစ်တောပြုန်းတီးခဲ့ရကြောင်း သိရှိရပါတယ်။ ဒါဟာ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သော မြန်မာနိုင်ငံအပါအဝင် အခြားသောဖွံ့ဖြိုးဆဲနိုင်ငံများကို ဆင်းရဲမွဲတေမှုကို ကြီးထွားစေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် ဆေးပေါ့လိပ်အပါအဝင် စီးကရက်ကုမ္ပဏီကြီး(၆)ခုက နှစ်စဉ် ဆေးလိပ်သန်းပေါင်း(၁၂၀၀၀)ခန့် ထုတ်လုပ်လျက်ရှိကြောင်း၊ သောက်သုံးသူများလည်း အလွန်များပြားလျက်ရှိကြောင်း၊ ကွမ်းယာစားသုံးမှုသည်လည်း အရှေ့တောင်အာရှ၌ ပထမတန်းအဆင့်တွင်ရှိကြောင်း အထောက်အထားများအရ လေ့လာသိရှိရပါတယ်။ မြန်မာနိုင်ငံ၏ လက်ရှိဖြစ်တည်နေသော ဆေးလိပ်သောက်သုံးမှု အခြေအနေကို လုံးဝရပ်တန့်ဖို့ဆိုတာ အလွန်ခက်ခဲမှာ ဖြစ်ပါတယ်။ သို့ပါသော်လည်း သတ်မှတ်ထားသည့် နေရာများတွင်သာ သောက်သုံးဖို့ နှိုးဆော်တိုက်တွန်း ပညာပေးများ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါဟာ သက်ဆိုင်ရာ အာဏာပိုင်တစ်ခုတည်းနဲ့လည်း လက်လှမ်းမမီနိုင်၍ ဒေသတွင်း အဖွဲ့အစည်းများကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ဖို့ လိုအပ်ပါမယ်။ သက်ဆိုင်ရာဒေသအသီးသီး၌ တက်ကြွလူငယ်များ ဖွဲ့စည်းပေး၍ ဆေးလိပ်သောက်သုံးမှုနှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေး အစီအစဉ်များကို အစိုးရမှ အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးဖို့ လိုအပ်မည်ဖြစ်ပါတယ်။ လူစည်ကားရာ နေရာတိုင်း၌ ဆေးလိပ်ကြောင့်ဖြစ်တတ်သော ဆိုးကျိုးများ၊ ဆိုင်းဘုတ်များကို စိုက်ထူသင့်ပါတယ်။ မိမိတို့ မိသားစုအသိုင်းအဝိုင်း ပတ်ဝန်းကျင်များအကြား ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ သောက်သုံးမှု ကင်းဝေးပါစေ။

ဒါကြောင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစန်းမောင်မောင် ၏ မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ရေးဆွဲပြဋ္ဌာန်းထားပြီးဖြစ်သော်လည်း ပြည်သူများ လိုက်နာကျင့်သုံးမှုနှင့် အာဏာပိုင်များဘက်မှ ကြီးကြပ်အရေးယူမှုမရှိသလောက် အားနည်းနေခြင်းအပေါ် ပြည်ထောင်စုအစိုးရမှ ကိုင်တွယ်ဖြေရှင်းပေးပါရန် တိုက်တွန်းကြောင်း အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

နှစ်စဉ် မေလ ၃၁ ရက်ကို ကမ္ဘာ့ဆေးလိပ်နှင့် အခြားဆေးရွက်ကြီးထွက်ပစ္စည်းများ မသုံးစွဲရေးနေ့ သတ်မှတ်ထားပုံ (ဒ)




ဆေးလိပ်သောက်သုံးမှုကြောင့် လူသားများ သေဆုံးနေရမှု သတိပေးနှိုးဆော်ထားပုံ (ဒ-၁)



ဆေးလိပ်သောက်သုံးမှုကြောင့် လူသားများ သေဆုံးနေရမှု သတိပေးနှိုးဆော်ထားပုံ (ဒ-၂)




**အချိန်၊ ၁၁:၃၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိသော လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို မနက်ဖြန် ကျင်းပမယ့် အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၁)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁:၃၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက် (အင်္ဂါနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ၁၁း၃၅ နာရီအချိန်တွင် ရပ်နားပါသည်။]